# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၆)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၈-၆-၂၀၂၄၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၂၄ သို့ ✪

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၇**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း


ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

စာမျက်နှာ ၂

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၁၂

ရှုစား ဝိန်တင်ဟန်၏ ဆိုင်းသမား(ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဇွန် ၂၈ ရက် ၊ သောကြာနေ့ ။

## ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီဆောင်ရွက်မှသာ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ၂၀၂၄ခုနှစ် ဖေဖော်ဝါရီတွင် သတ်မှတ်အတည်ပြုခဲ့ပြီးဖြစ်၍ စံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရရှိလာနိုင်စေရေးအတွက် ထိရောက်အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဇွန် ၂၆ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ဆွေးနွေးတင်ပြပြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုနှင့် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံသည် မြောက်ဘက်ဒေသ ရေခဲတောင်များမှ တောင်ဘက်ကမ်းရိုးတန်းဒေသများအထိ မတူကွဲပြားသည့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်စွာ အထောက်အပံ့ပေးနိုင်သော ကောင်းမွန်သည့် ဂေဟစနစ်များနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်များထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇွန် ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၏ ဒုတိယအကြိမ် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲနှင့် အာဟာရကျွေးမွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ၃၇ A လမ်းနှင့် ၆၇ A လမ်းထောင့်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာလှကြွယ်၊ ဦးရင်မောင်ဟိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မြဆွေနှင့် အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ဦးစိုင်းရုံရွှေ၊ ဦးကျော်မျိုးအောင်၊ ဦးမြင့်လွင်နှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီးအား ငွေကျပ်တစ်သိန်းနှင့် ဆရာ၊ ဆရာမ ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ၊ KG တန်းမှ Grade-5 တန်းအထိ ကျောင်းသား၊ ကျောင်းသူ ၂၅၅ ဦးအား စာအုပ် ၁၅၃၀အုပ်၊ ကျောပိုးအိတ်အလုံး ၄၀၊ ရေဘူး ၃၂ ဘူး၊ ထမင်းချိုင့် ၁၀ ချိုင့်နှင့် Grade-6 တန်းမှ Grade-9 တန်း အထိ ကျောင်းသား၊ ကျောင်းသူ ၅၈ ဦးအား စာအုပ်၊ ခဲတံ၊ ဘောပင် ၅၈ ဒါဇင်၊ ကျောပိုးအိတ် ၂၀ အိတ်၊ ထမင်းဘူး ၁၀ဘူး၊ ကွန်ပါဘူး ၁၀ဘူး စုစုပေါင်းငွေကျပ် ၅၄ သိန်းတန်ဖိုးရှိသည့် စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ထောက်ပံ့လှူဒါန်းကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရေခဲမုန့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄၁)

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အားနှင့် စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့်သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၉လမ်းနှင့် လမ်း၃၀ကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၃၁လမ်းနှင့် ၃၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆ လမ်းနှင့် ၃၁လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်(၈၅၂) ရေစီးရေလာကောင်းမွန်ရေးအတွက် သံလမ်းအနောက်ဘက် ဦးပွားဂုံးအောက်လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပရံတော်ချောင်းအတွင်းမှ ဒိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ၁၀၄လမ်း တံတားနှင့် ၁၀၄Aလမ်း တံတားကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁)ရပ်ကွက်ရေစီးရေလာကောင်းမွန်ရေးအတွက် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၄Aလမ်းနှင့် ၆၅လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၃၄လမ်း တောင်ဘက်ခြမ်းမြောင်း အတွင်းမှ မြောင်းစာမြေသားများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၆C လမ်းနှင့် ၅၇လမ်းကြား၌ တူးဖော်ဆောင်ရွက်ပေးခြင်း၊ (စ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈Cလမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်ဒိုက်များကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၁F လမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၂၀လမ်းနှင့် ၁၂၁လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇွန် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် နယူးဒေလီမြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

နယူးဒေလီ ဇွန် ၂၇

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ခရီးစဉ်ဒုတိယပိုင်းအဖြစ် ဇွန် ၂၅ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာလာရာ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့သို့ ရောက်ရှိစဉ်အတွင်း အဆိုပါမြို့ရှိ မြန်မာသံရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံဆွေးနွေးသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ တိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်ပြည်ပရေးရာဝန်ကြီးအဖြစ် ဆက်လက်ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲလေ့လာစောင့်ကြည့်ရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇွန် ၂၇

ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရုံး အထွေထွေအတွင်းရေးမှူးချုပ် ၏ ဖိတ်ကြားချက်အရ ဇွန် ၂၄ ရက်မှ ၂၇ရက်အထိ ထိုင်းနိုင်ငံ အထက်လွှတ်တော် ရွေးချယ်ပွဲ (Thai Senate Selection) လေ့လာစောင့်ကြည့်ရေး အစီအစဉ်သို့ သွားရောက်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာစောင့်ကြည့်ရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက်က Asawin Grand Convention Hotel၌ကျင်းပသော အထက်လွှတ်တော် ရွေးချယ်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးချယ်ပွဲဆိုင်ရာပြစ်မှုများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဇွန် ၂၆ ရက်တွင် IMPACT Forum Convention Centre ၌ ကျင်းပသော နိုင်ငံအဆင့် အထက်လွှတ်တော် ကိုယ်စားလှယ်ရွေးချယ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာစောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ကာ လေ့လာရေးခရီးစဉ်သို့တက်ရောက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ခွင့်များ ရရှိခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အုပ်ချုပ်ရေး၊ အခြေခံအဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် ဒီဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေနိုင်



ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၇

ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးအမှတ်(၃) ညီလာခံခန်းမ၌ ကျင်းပရာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC joint Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဒီဂျစ်တယ်နည်းပညာကို အကျိုးရှိရှိ အသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံ အဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့်နယ်ပယ်အသီးသီးတွင် ဒီဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေပြီး The Global Value Chain ဟုခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်တိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း။

Digital Transformation လုပ်ငန်းများ အောင်မြင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးကဏ္ဍစုံကို Digital Transformation ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေမည့် မြန်မာဒီဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030) (Final Draft)ကို ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်များဖြင့် DEDC ကော်မတီ၏ လုပ်ငန်းရပ်များ ပိုမိုထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေး အခြားအကြံပြု လိုသည်များကိုလည်း ပွင့်လင်းစွာတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်က ရေးဆွဲခဲ့သည့် မြန်မာဒီဂျစ်တယ် စီးပွားရေး လမ်းပြမြေပုံအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ပါ စီးပွားရေးဦးတည်ချက် (၃)ရပ်နှင့် အညီဖြစ်စေရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) နှင့် ဒေသတွင်းအာဆီယံတို့တွင် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် E-Commerce & Digital Economy ဆိုင်ရာ ကတိကဝတ်များနှင့် ကိုက်ညီစေရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် Action Plan များကို ခေတ်ကာလနှင့်အညီ လက်တွေ့တွင် အမှန်တကယ် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များ ဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်၍မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030 - Final Draft)အဖြစ် ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ လမ်းပြမြေပုံပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေး တင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီလက်အောက်ရှိလုပ်ငန်းကော်မတီငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့်မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030- Final Draft) ကို Living Document အဖြစ် အတည်ပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ PEP နို့ထွက်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ထွန်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ သမဝါယမနစ်ဖြင့် မွေးမြူနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ အစာများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော ကုန်ကြမ်းများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံအနေဖြင့် ဈေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့် ညီညွတ်သော နို့ထွက်ပစ္စည်းများ ပြည်သူများ စားသုံးနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်ရှိ မြဘုရင် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာဒေသသည် နို့စားနွားမွေးမြူ၍ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရင်းနှီးမြှုပ်နှံရန် သင့်တော်သည့်ဒေသဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေးအတွက်လည်း အချက်အချာကျသောဒေသဖြစ်ကြောင်း၊ လိုအပ်သော Feasibility Survey ပြုလုပ်ပြီးမွေးမြူခြင်း၊ ထုတ်လုပ်ခြင်းတို့ကို သမဝါယမစနစ်ဖြင့် လုပ်ငန်းရှင်များ၊ အသင်းသားတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးဝင်းညွှန့်အောင်၏ နို့စိမ်းထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးကဏ္ဍကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာရေး၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းအပြင် အေးခဲအသားထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာရှိ စက်ပစ်တောင် နို့စားနွားမွေးမြူရေးသမဝါယမအသင်းသို့ သွားရောက်၍ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နို့နှင့်နို့ထွက်ပစ္စည်းများကို တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သည့် အရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးသွားရန်၊ နို့စားနွားများ မွေးမြူရာတွင် မိရိုးဖလာစနစ်မွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူခြင်းစနစ်ဖြင့် မွေးမြူကြရန်နှင့် လိုအပ်သည့် ကာကွယ်ဆေးများကို စနစ်တကျထိုးနှံကြရန် ဆွေးနွေးမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နို့စားနွားများမွေးမြူထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပ
# ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ်တေးဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တက်ရောက်လာကြသူများ မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲတွင် သီဆိုဖျော်ဖြေမှုအား ကြည့်ရှုအားပေးစဉ်။

## တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ နာယကများနှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးသီချင်းချစ်သူ ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တေးသံရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက် အားပေးကြသည့် တေးသီချင်းချစ်သူပရိသတ်များ လက်ကိုင်ဝေ့ယမ်း အားပေးနိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ အလှလက်ကိုင်မီး ၁၀၀၀ အား မေတ္တာလက်ဆောင် ပေးအပ်ရာ အဆိုပါ အလှလက်ကိုင်မီးများဖြင့် ပရိသတ်များက တစ်ခဲနက် ကြည့်ရှုအားပေး၍ လိုက်ပါသီဆိုကြသည်။

## ဂုဏ်ပြုပန်းစည်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ်အဖြစ် ဆင်ကြီးဂျွန်ချီ၊ လူချွန်လူကောင်း၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ နဂါးနီ၊ နိုင်ငံတော်သီချင်းနှင့် စည်းလုံးခြင်းအတွက် သီးချင်းတစ်ပုဒ်တို့ကို အဖွင့်တီးလုံးအဖြစ် Performance အကများဖြင့် တီးခတ်ဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်အား မြန်မာနိုင်ငံသဘင် အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ထို့နောက် တေးဂီတဖျော်ဖြေပွဲတွင် စန္ဒရားဘိုတာထွန်းညွန့် တေးဂီတအဖွဲ့၊ ART ROBOT (သုခုမစက်ရုပ်များ) တေးဂီတအဖွဲ့၊ IMMORTAL BAND & PLUS THREE တေးဂီတအဖွဲ့၊ HORIZOON တေးဂီတအဖွဲ့တို့က ဖျော်ဖြေတီးခတ်ပေးပြီး ထား၊ မြန်မာပြည်သိန်းတန်၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဂျက်မြသောင်း၊ မေရွက်ဝါ၊ Lဆိုင်းဇီ၊ အိုင်းရင်းဇင်မာမြင့်၊ နောနော်၊ ဖိုးသောကြာ၊ ကောင်းဆက်၊ ဝေလ၊ ညီမင်းခိုင်၊ ပူစူး၊ အောင်ထက်၊ အစ္စဏီ၊ ခွဲပြည့်၊ ဟန်ထူးချာန်၊ ရဲထိုက်၊ သီရိဂျေမောင်မောင်၊ ဂျေညီမလေး၊ ပိုပို၊ မီးနို၊ အိအိ၊ ချယ်ရီသင်း၊ မေသက်ထားဆွေ၊ အေးမြဖြူ၊ ဖြိုးကျော်ထိုက်၊ ဆိုင်းစံ၊ မေစံပယ်ညို၊ အောင်အေးချစ်၊ ရွှေနန်းထက်၊ စစ်မာန်နှင့် ကြည်ဖြူခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ယနေ့ဖျော်ဖြေပွဲတွင် စုစုပေါင်း တေးသီချင်းပုဒ်ရေ ၈၀ ခန့် သီဆိုဖျော်ဖြေခဲ့ကြသည်။

၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယ အကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ မြန်မာ့ဂီတနေ့ သတ်မှတ်နိုင်ရန်အတွက် ဂီတပညာရှင်များက အကြံပြုကြရာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် မြန်မာ တိုင်းရင်းသားများ၏ တိုင်းချစ်၊ ပြည်ချစ် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသော သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာဖြစ်အောင်၊ ဂီတသမားများ ထာဝစဉ် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နေစေရအောင် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သော ဇွန် ၂၇ ရက်ကိုမြန်မာ့ဂီတနေ့အဖြစ်သတ်မှတ်ရန် ၂၀၂၃ ခုနှစ် ဇွန် ၄ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင်သတ်မှတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

## သမိုင်းဝင်ဂီတနေ့

မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို)က သမိုင်းဝင်ဂီတနေ့ဖြစ်သော ဇွန် ၂၇ ရက်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဂီတပြိုင်ပွဲများ၊ ပြပွဲများ၊ ဂီတဆုချီးမြှင့်ပွဲများနှင့် ဂီတနှင့် ပတ်သက်သော လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဇွန် ၂၇ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ ဂီတနေ့ ဂီတဖျော်ဖြေပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

သတင်းစဉ်



မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။




မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်အား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

# ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များရှိ သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဇွန် ၂၇

ရှမ်းပြည်နယ် ပင်လောင်းနှင့်ဖယ်ခုံမြို့နယ်တို့ရှိ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များရှိ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က လိုအပ်သည်များ ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

## တွေ့ဆုံ

ဆက်လက်ပြီး ပင်လောင်းမြို့နယ် သမဝါယမအသင်းစု၌ အသင်းအမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် သမဝါယမအသင်းစုပိုင် မြရတနာတည်းခိုခန်းဖွင့်လှစ်ထားရှိမှု၊ စာရေးကိရိယာနှင့် လူသုံးကုန်ပစ္စည်း ရောင်းချနေသည့် သမဝါယမအသင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှု၍ သက်သာသောဈေးနှုန်းဖြင့် အသင်းသားပြည်သူများသို့ ရောင်းချပေးရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်
# တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းရောက်ရှိလာသည့် နိုင်ငံတကာအဆင့်မီ ဆီသန့်စင်စက်ပစ္စည်းများကို သွားရောက်ကြည့်ရှု

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွာနိုင်ရပ်ကွက်ရှိ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းဝင် အာရှသားဆီစက်လုပ်ငန်းသို့ ရောက်ရှိပြီး တိုးချဲ့ဆီသန့်စင်စက်ရုံ တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။

ထိုသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အာရှသားဆီစက်လုပ်ငန်း လုပ်ကိုင်နေသူ ဦးသန်းလွင်က တိုးချဲ့မည့် ဆီသန့်စင်စက်ရုံအတွက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသော 5 TPD Cooking Oil Semi-Continuous Refining Line Machine (ဆီသန့်စင်စက်) စက်ပစ္စည်းများ ရောက်ရှိနေမှု၊ စက်ရုံအား အမြန်ဆုံးလည်ပတ်သွားနိုင်ရန်ဆောင်ရွက်နေမှု၊ ပြည်တွင်းမှ ထွက်ရှိသည့် ပဲပုတ်ဆီ၊ နေကြာဆီ၊ ဝါစေ့ဆီများကို အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်းများအား အပူချိန် ၂၆၀ ဒီဂရီစင်တီဂရိတ်တွင်ပေးခြင်း၊ Feed Filter များဖြင့် အဆိပ်အတောက်၊ အရောင်၊ အနံ့များ မရှိအောင် သန့်စင်၍ တစ်ရက်လျှင် ၄ တန်မှ ၅ တန်အတွင်း နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သွားနိုင်မည့် အခြေအနေများအား လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသွင်းကုန် အစားထိုးလျှော့ချနိုင်ရေးချမှတ်ထားသည့် မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ စက်ရုံအား အမြန်ဆုံးလည်ပတ်နိုင်ရန် လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်များ စတင်တပ်ဆင်ချိန်မှ ပြီးဆုံးသည်အထိ စက်တပ်ဆင်မည့် တရုတ်ပညာရှင်နှင့်အတူ မန္တလေးစိန်ပန်းစက်မှုအဖွဲ့၊ Good Brother ကုမ္ပဏီတို့မှ ပညာရှင်များ အတူလာရောက်တပ်ဆင်လေ့လာစေပြီး အလားတူဆီသန့်စက်များ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ကြိုးစားစီမံဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေး၍ စက်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာရှသားဆီစက်လုပ်ငန်းအတွင်း ဆီစက်လည်ပတ်နေမှုများ၊ ကုန်ကြမ်းစုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ စက်ဖြင့် သန့်စင်ဆီကြိတ်ခြင်း၊ ထုပ်ပိုး၍ ဈေးကွက်သို့ ဖြန့်ဖြူးခြင်း လုပ်ငန်းနည်းစဉ်အဆင့်အဆင့်အား လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# ပြည်ကြီးတံခွန်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း တစ်ဧက ပျမ်းမျှ (၁၅၅)တင်း ထွက်ရှိ

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားရေရိက္ခာ ဝမ်းစာဖူလုံရေး၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်စံပြစိုက်ခင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ်၊ မယ်တော်စုကျေးရွာ၊ ကွင်းအမှတ်(၅၆၈)၊ ဦးပိုင်အမှတ်(၇၀)တွင် စိုက်ပျိုးထားသည့် တောင်သူ ဦးစိုးနိုင်၏ နွေစပါးစိုက်ခင်း(ရွှေသွယ်ရင်) (၃ ဒသမ ၀၀)ဧက စိုက်ခင်းမှ (၆ ဒသမ ၆)ပေ ပတ်လည် စံကွက်အား ဇွန် ၂၆ ရက်၊ နံနက် ၉ နာရီက ရိတ်သိမ်းကြသည်။

ထိုသို့ရိတ်သိမ်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေး ဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ (ည) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက စပါးအစို (၁၅၅) တင်း၊ အခြောက်(၁၄၉ ဒသမ ၅)တင်း ထွက်ရှိကြောင်းသိရသည်။

**(ဂဇ၃)**



တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း
ပန်းနှင့်သစ်ပင် မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၇**

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါသွေးလှူဒါန်းပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီးထံသို့ သွေးအိတ်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀










Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# လယ်ယာကဏ္ဍစီမံကိန်း လျာထားချက်များ ပြည့်မီအောင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လယ်ယာကဏ္ဍစီမံကိန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့် က မန္တလေးတိုင်းဒေသကြီး၏ GDP တွက်ချက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)တို့မှ တိုင်းဦးစီးမှူးများက မိမိတို့ဦးစီးဌာနအလိုက် စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ချမ်းမြေ့)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၃၃၁.၅၁) စတုရန်းမီတာ၊ LDPE Seeds ကော်စေ့ (၁၆၂၅)ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၇၆၈၆၈) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၇၈၆ ဒသမ ဝ၈) စတုရန်းမီတာနှင့် Sakura Electric Sprayar ပိုးသတ်ဆေးဖျန်းဘူး ၃၃၁၇ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၈ဝ၄၉၂) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉ဝ၅၇၃၆ဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။













ထို့အတူ ဇွန် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Monosodium Glutamate ၁၂၅ဝဝ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃ဝဝဝဝဝ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ဝဝဝဝဝဝ)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃ဝဝဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး (အပေါ်ပုံ) အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (ဝ ဒသမ ၃၇၆) တန်၊ အခြားသစ် (ဝ ဒသမ ၆၅၂) တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သံပိုက်လုံးဆိုဒ်စုံ ၃၉၆၇ လုံးနှင့် သံပိုက်ချောင်း ၃ဝ၅ ချောင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၈၄ဝဝဝဝ) နှင့် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝဝဝဝဝ) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၄ဝဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်နှင့် မကွေးခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၃၃၇) တန်နှင့် သုံးဘီးဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၉၉၄၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၄၉ဝ၈၇၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅ဝ၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲ ဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂ဝ၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂ဝ၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူများ ဖြစ်ကြသည့် “zain gyi @ user 9835775421018” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ သန့်ဇင်နှင့် “Aye Thidar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အေးသီတာမြင့်တို့အား မွန်းလွဲ ၁၂ နာရီ ၁ဝ မိနစ်တွင်လည်းကောင်း၊ “Nawarat Yekyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဗထူးရပ်ကွက်နေ ခင်မေအေးအား ညနေ ၄ နာရီ မိနစ် ၂ဝ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဟဲဟိုးမြို့၌ စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ် အလှူငွေ တစ်သောင်းမှ သုံးသောင်းအထိ တောင်းခံဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့၌ ဇွန် ၂၅ ရက်က အစည်းအဝေးခေါ်ယူကာ စစ်မှုထမ်းမည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ်၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းမှ သုံးသောင်းကျပ်အထိ ပေးရမည်ဟု ခြိမ်းခြောက်တောင်းယူနေကြောင်းသတင်းတု၊ သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများတွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ ကလောမြို့နယ်၊ ဟဲဟိုးမြို့ရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလ သတင်းအမှားများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် သိရှိနားလည်မှု မလွဲမှားစေရေးအတွက် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပညာပေး ချပြရှင်းလင်းခြင်းလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှု အပေါ် မဟုတ်မမှန်လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# အင်းတော်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီး

အင်းတော် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အင်းတော်မြို့ အင်းမြသာယာ အားကစားကွင်းအတွင်း ပြုလုပ်သည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံမှ ပေးပို့သော ၂ဝ၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သဝဏ်လွှာ ကို အင်းတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က ဖတ်ကြားသည်။ ထို့နောက် မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မီးရှို့ဖျက်ဆီးကြသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ်အတွင်း ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြား ၆ဝ၅၄၃ ပြား၊ ဘိန်းဖြူမှုန့် ဝ ဒသမ ၉၄၆၃ ကီလိုကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ကျွန်တော်နှင့် ● ● ● ရေရှားပါးမှုလျော့နည်းသက်သာစေမည့် နည်းလမ်းများ

ရွှေခင်

**DE ဦးသန်းမြင့်ရေ....**

ယခုနှစ်နွေရာသီ ကမ္ဘာ့အပူဆုံးစာရင်းမှာ မြန်မာနိုင်ငံက ချောက်မြို့နယ်ဟာ (၂)ကြိမ်ပါဝင်ခဲ့ပါတယ်။ အဲဒီလိုပဲ (၂၀၁၄)ခုနှစ် အတွင်းမှာ မိုးရေချိန်လက်မ(၁၀ ဒသမ ၉၃)သာ ရွာသွန်းတဲ့ မြို့တစ်ခုလည်း ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နွေရာသီမှာဆိုလို့ရှိရင် မြန်မာနိုင်ငံအနေနဲ့ရော၊ တစ်ကမ္ဘာလုံးအနေနဲ့ရော ရေရှားပါးမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ ရေရှားပါးမှုသက်သာစေရေး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒါတွေက

(၁) စက်ရေတွင်း တူးဖော်ခြင်း၊
(၂) အဝီစိတွင်း တူးဖော်ခြင်း၊
(၃) ရေလှောင်ကန် တည်ဆောက်ခြင်း၊
(၄) ရေစင်တည်ဆောက်ခြင်း၊
(၅) ရေသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၆) ချောင်းပိတ်မြောင်းပိတ် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
(၇) သောက်သုံးရေရရှိရေးအတွက် ကန်များပြုပြင်ပေးခြင်း၊
(၈) သောက်သုံးရေများ ဖြန့်ဝေနိုင်ရေးအတွက် ဦးစီးဌာနပိုင် ရေသန့်စင်ကားများ ဆောင်ရွက်ပေးခြင်း၊
(၉) ရေသယ်ယာဉ်များ ဆောင်ရွက်ပေးခြင်း၊
(၁၀) မြေအောက်ရေအရင်းအမြစ်ရရှိနိုင်မည့် နေရာများရှာဖွေခြင်း၊
(၁၁) မြေသားမိုးရေလှောင်ကန်များ အနက်နှိုက်တူးဖော်ခြင်း၊
(၁၂) မြေသားရေလှောင်ကန်များကို တိုးချဲ့ခြင်းနှင့် အခြားရေရရှိရေးနည်းလမ်းများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲ့ဒါအပြင် ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ....**

နွေရာသီတွင် ဖြစ်ပေါ်လာသည့် ရေရှားပါးမှုဖြစ်စဉ်အား လျော့နည်းစေရန်အတွက် နည်းလမ်းများကတော့ ...

(က) ကျေးရွာ/ရပ်ကွက်သုံး သောက်ရေကန်များ တူးဖော်၍ ရေလှောင်ထားခြင်း၊ ရေသုံးစွဲမှုတို့ကို တွက်ချက်၍ အရန်အဖြစ် မြေသားရေကန်များ တူးဖော်ထားခြင်း၊
(ခ) မြစ်၊ ချောင်းများ၏ ချောင်းအဖျားပိုင်းများတွင် ရေသိုလှောင်နိုင်မည့် ဆည်၊ တမံ စသည်တို့ ဆောင်ရွက်နိုင်ခြေ ရှိ/မရှိ လေ့လာပြီးနောက် ရေသိုလှောင်နိုင်ရေး ဆောင်ရွက်ထားခြင်း၊
(ဂ) ရေဝေရေလဲဒေသများတွင် သစ်တောပြုန်းတီးမှုများ လျော့နည်းစေရေးနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ခြင်း၊
(ဃ) မြစ်၊ ချောင်းများနှင့် ဝေးသောကျေးရွာများ၊ မြို့များအတွက် မြစ်ရေတင်စက်များ၊ ရေမြောင်းများဖြင့် ရေပို့လွှတ်ခြင်း၊
(င) မြစ်၊ ချောင်းများမှ ရေအား အဆင့်မြှင့်တင်စေခြင်း (weir) တည်ဆောက်၍ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိစေခြင်း၊
(စ) တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ရေချိုရနိုင်သော နေရာ၊ အရင်းအမြစ် (sources) များ၊ စာရင်းပြုစုထားခြင်း၊ မည်သို့ဖော်ထုတ်သုံးစွဲမည့် အစီအစဉ်များအား ပြုစုခြင်း၊
(ဆ) သောက်ရေ၊ သုံးရေ သွယ်ယူဖြန့်ဝေမည့် water supply system များ ဖော်ထုတ်ပြုစုထားခြင်း၊ လေ့လာပြုစုထားခြင်း၊
(ဇ) ရှိပြီးဖြစ်သော ရေအရင်းအမြစ်များအား ညစ်ညမ်းစေခြင်းမဖြစ်ရန် စီမံဆောင်ရွက်ရပါမည်။

ဥပဒေဖြင့် လည်းကောင်း၊ ဒေသန္တရအမိန့်များဖြင့်လည်း တားဆီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ....**

ကျွန်တော်ကတော့ အမှတ်စဉ်(၁)ထဲမှာပါတဲ့ အဝီစိတွင်းတူးဖော်ခြင်းကို ရမည်းသင်းမြို့ ပြင်တပ်ရပ်ကွက် ကိုရာဇာတို့၏နေအိမ်မှာ အဝီစိတွင်းတစ်တွင်း တူးဖော်ခဲ့ပါတယ်။ ပြီးတော့ အဲဒီအဝီစိတွင်းကနေပြီးတော့ Public ရေကန်နဲ့ ဆက်သွယ်ပြီးတော့ ရပ်ကွက်ထဲနေပြည်သူတွေကို အဝီစိတွင်း ရေကို လှူဒါန်းခဲ့ပါတယ်ခင်ဗျာ။ နောက်တစ်ခါ အမှတ်စဉ် (၁၁)ဖြစ်တဲ့ မြေသားမိုးရေလှောင်ကန်များ အနက်နှိုက်တူးဖော်ခြင်းအနေနဲ့ ကျွန်တော်တို့ ရမည်းသင်းမြို့ ပြင်တပ်ရပ်ကွက်အနီးမှာရှိတဲ့ ဒေါင့်ကျောင်းကန်၊ ထီးနီကန်၊ မင်းကန် စသည့်ကန်တွေကို အနက်ပြန်လည်တူးဖော်ခဲ့ပါတယ်။ ပြီးတော့ နံဘေးတွင် ကျောက်စီမြေကာန်ရံတွေ တည်ဆောက်ပြီးတော့ မိုးရေစုကန်များကို ဆောင်ရွက်ပေးခဲ့ပြီးတော့ ရပ်ကွက်နေပြည်သူတွေကို သောက်သုံးရေများကို ဖူလုံစေခဲ့ပါတယ်ခင်ဗျာ။ အဲဒါအပြင် ကိုရာဇာ စစ်ကိုင်းတိုင်းမှာ နေခဲ့စဉ်တုန်းက (၂၀၁၅) ခုနှစ် ပတ်ဝန်းကျင်တုန်းကဆိုရင်လည်း စစ်ကိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်နှင့် ယင်းမပင်ခရိုင်တို့မှာ ရှိတဲ့ ရှေးဟောင်းကန်ကြီးတွေကို ပြန်လည်တူးဖော်ပြီးတော့ ရှေးဟောင်းကန်ကြီးကို အလျား ပေ(၂၀၀)၊ အနံ ပေ(၂၀၀)၊ အနက် (၅)ပေ ၊ (၆)ပေ ပတ်ဝန်းကျင်ရှိတဲ့ ကန်ကြီးတွေကိုလည်း ပြန်လည်တူးဖော်ခဲ့တာ ကန် (၁၀)ကန်ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကိုရာဇာအနေနဲ့ ကန်အဟောင်းတွေကို ပြန်လည်ပြုပြင်တာ (၁၃)ကန်နှင့် အဝီစိတွင်း (၁)တွင်း တူးဖော်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ....**

ကိုရာဇာတို့၊ ဥက္ကဋ္ဌတို့လို ပြည်သူတွေအနေနဲ့ တစ်ပိုင်တစ်နိုင်ကန်များကို ပြန်လည်ပြုပြင်ပေးခြင်း၊ ကန်အသစ်တူးဖော်ပေးခြင်း၊ ရေစက်များ၊ ရေကားများဖြင့် လှူဒါန်းပေးခြင်းများဆောင်ရွက်နိုင်သလို အစုအဖွဲ့များတွေနဲ့ စုပေါင်းပြီးတော့လည်း ရေအရင်းအမြစ်ရရှိနိုင်တဲ့နေရာတွေမှာ မြေအောက် Dam၊ Under ground Dam၊ Sand Dam ဒါမျိုးလေးတွေ ဖောက်လုပ်ပေးတာ ၊ ဆောင်ရွက်ပေးတာတွေလည်း လုပ်ပေးဖို့လိုအပ်ပါမယ်။ ထို့နောက် အစိုးရအနေနဲ့ ဆောင်ရွက်ပေးဖို့ လိုအပ်တာများကိုလည်း မိမိတို့ဒေသဆိုင်ရာတွေမှာ တင်ပြပါအချက်အလက်တွေမှာ ရှိတဲ့ အမှတ်စဉ် (၁၂)ခုထဲမှာရှိတဲ့ လုပ်ငန်းများကို အစိုးရအနေနဲ့ ဆောင်ရွက်ဖို့ နီးစပ်ရာမှ တင်ပြပေးဖို့လည်း လိုပါမယ်။

အစိုးရအဖွဲ့အစည်းတွေကနေပြီးတော့ ဒီဟာတွေကို ဆောင်ရွက်ပေးနိုင်လို့ရှိရင် ကိုရာဇာတို့ဒေသမှာ ရှိတဲ့ ပြည်သူတွေရဲ့ ရေရှားပါးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မှာ ဖြစ်ပါတယ်။ အဲဒါအပြင် မိုးရာသီမှာ ရေရှားပါးမှုဒဏ်ကို ခံနိုင်ရန်အတွက် နည်းလမ်းတွေကိုလည်း တတ်နိုင်သမျှ နည်းလမ်း(၇)ခုကို တင်ပြထားပါတယ်။ နည်းလမ်း(၇)ခုကိုလည်း ကျွန်တော်တို့ တတ်နိုင်သမျှ ဝိုင်းဝန်းစုပေါင်းပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကိုရာဇာတို့ ဒေသတွေမှာရှိတဲ့ ရေရှားပါးမှု ဒဏ်တွေကလည်း တော်သင့်ပြေလျော့စေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မိုးခေါင်ရေရှား ရပ်ဝန်းမှာနေတဲ့ ရှမ်းရိုးမ၊ ရခိုင်ရိုးမတွေကြားမှာရှိတဲ့ အရင်တုန်းကတော့ (၉)ခရိုင် စိမ်းလန်းစိုပြည်ရေးလို့ သတ်မှတ်ခဲ့တဲ့ ယခုချိန်မှာဆိုလို့ရှိရင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှာရှိတဲ့(၁၃)ခရိုင်ထဲမှာ ရှိတဲ့ (၅၄)မြို့နယ်တွေမှာရှိတဲ့ ပြည်သူတွေအားလုံး မိုးခေါင်ရေရှားပါးမှုဒဏ်မှ ကင်းဝေးစေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့လား ခင်ဗျာ။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ၂၀၂၄ခုနှစ်အတွင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဒုတိယအကြိမ် ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု၏ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဒုတိယအကြိမ်ဆွမ်းဆပ်ကပ်ခြင်းနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော သင်ကြား၊ စီမံဆရာတော်များ၊ စာသင်သား၊ ရဟန်းသံဃာတော်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက နံနက် ၁၀နာရီခွဲတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရေစက်ချအခမ်းအနားကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ပါမောက္ခချုပ်ဆရာတော်ထံမှ ငြိမ်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူတည်ဆောက်ကာ ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်များကို ရိုသေစွာနာယူ၍ ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ စုပေါင်းလှူဒါန်းသည့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀၀ ကို အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဆက်ကပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက တာဝန်ရှိသူ တစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ရ)**



# နိုင်ငံတကာ အားကစား သတင်းများ



## မန်နျူရယ်အူဂါတေး ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖွယ်ရှိ

**ပါရီ ဇွန် ၂၇**

ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား မန်နျူရယ် အူဂါတေး အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား မန်နျူရယ်အူဂါတေးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် မန်နျူရယ်အူဂါတေးအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ပီအက်စ်ဂျီအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)




## ဗင်နီဇွဲလားအသင်း ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်

**လန်ဒန် ဇွန် ၂၇**

ဗင်နီဇွဲလားအသင်း ၂၀၂၄ ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

(အပေါ်ပုံ)

ဗင်နီဇွဲလားအသင်းသည် ၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ် ၂ပွဲကစားအပြီးတွင် ၂ပွဲစလုံး အနိုင်ရရှိကာ ရမှတ် ၆မှတ်ဖြင့် စောစီးစွာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားအသင်းထုတ်ပြန်ချက်တွင် အသင်းအနေနဲ့ အခုလို ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းကို အခုလို ရလဒ်ကောင်းတွေ ရရှိအောင်ရယူပေးနိုင်တဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို ကျေးဇူးတင်ပါတယ်။အသင်းအနေနဲ့လည်း နောက်လာမည့်ပွဲစဉ်တိုင်းကို အနိုင်ရရှိလိမ့်မယ်ဟုလည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

## ပယ်လ်ဟင်ဟာ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း(၆၀)အထိ ဖူလ်ဟမ်အသင်း အလိုရှိ

**လန်ဒန် ဇွန် ၂၇**

ဖူလ်ဟမ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ပယ်လ်ဟင်ဟာ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၆၀အထိ အလိုရှိနေသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ပယ်လ်ဟင်ဟာသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲကစားပြီး ၈ဂိုး သွင်းယူထားသည်။

ဖူလ်ဟမ်အသင်းကလည်း ပယ်လ်ဟင်ဟာအတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဖူလ်ဟမ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ဈေးအတိုင်း ပယ်လ်ဟင်ဟာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)




## ဘောလုံးသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမား မာ့ခ်ဂူယူအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
- မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းနည်းပြ တန်ဟက်ဂ်နှင့် စာချုပ်သက်တမ်းတိုးရန်အတွက် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
- အသက်(၃၂)နှစ်အရွယ်ရှိ မူစတာဖီသည် ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ပြီး ဂျာမနီ ယူ-၁၇ အသင်းတွင် နည်းပြသစ်အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ (NGB)

## 2024 Bad Homburg Open powered by Solarwatt
## တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Donna Vekic တက်ရောက်

**ဟမ်းဘတ် ဇွန် ၂၇**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ခရိုအေးရှားတင်းနစ်မယ် Donna Vekic တက်ရောက်ခဲ့သည်။

အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Donna Vekic သည် 2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် Ekaterina Alexandrova အား ၆-၄၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic နှင့် ချက်တင်းနစ်မယ် Katerina Siniakova တို့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | | |
|---|---|---|---|---|
| ၂၈-၆-၂၀၂၄ သောကြာနေ့ | မွန်းလွဲ ၂း၃၀နာရီ | ဗီယက်နမ် | - | မြန်မာ |
| ။ | ။ | ကမ္ဘောဒီးယား | - | ဘရူနိုင်း |

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ

### အုပ်စုအဆင့်

နိုင်ကမ္ဘာ

**အုပ်စု(ဃ)ပွဲစဉ်များ**

ပွဲစဉ်(၁)ရလဒ်များ ကိုလံဘီယာ ၂-၁ ပါရာဂွေး ဘရာဇီး ၀-၀ ကော့စတာရီကာ

**ကိုလံဘီယာ - ကော့စတာရီကာ**

**ဇွန် ၂၉ရက်၊ (စနေနေ့)၊ နံနက် ၄း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁၆-၆-၁၉၉၇ | ကိုလံဘီယာ | ၄-၁ | ကော့စတာရီကာ | (ကိုပါအမေရိကဖလား အုပ်စု) |
| ၁၈-၇-၂၀၀၄ | ကိုလံဘီယာ | ၂-၀ | ကော့စတာရီကာ | (ကိုပါအမေရိကဖလား ကွာတား) |
| ၃-၇-၂၀၁၁ | ကိုလံဘီယာ | ၁-၀ | ကော့စတာရီကာ | (ကိုပါအမေရိကဖလား အုပ်စု) |
| ၁၂-၆-၂၀၁၆ | ကိုလံဘီယာ | ၂-၃ | ကော့စတာရီကာ | (ကိုပါအမေရိကဖလား အုပ်စု) |

ကမ္ဘာ့အဆင့်(၁၂)ရှိသည့် ကိုလံဘီယာအသင်းနှင့် ကမ္ဘာ့အဆင့် (၅၂)ရှိသည့် ကော့စတာရီကာအသင်းတို့သည် ခြေစွမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၈)ကြိမ် ဆုံတွေ့ခဲ့ရာ ကိုလံဘီယာက (၆)ကြိမ် အနိုင်ရထားပြီး (၂)ကြိမ်သာ ရှုံးနိမ့်ထား၍ ယခုပွဲတွင် ကိုလံဘီယာတို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ကိုလံဘီယာ–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်

ကော့စတာရီကာ–ရှုံး၊သရေ၊နိုင်၊နိုင်၊သရေ

**ပါရာဂွေး - ဘရာဇီး**

**ဇွန် ၂၉ရက်၊ (စနေနေ့)၊ နံနက် ၇း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀-၇-၂၀၁၁ | ဘရာဇီး | ၂-၂ | ပါရာဂွေး | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၁၈-၇-၂၀၁၁ | ဘရာဇီး | ၀-၀ | ပါရာဂွေး | | | (ကိုပါ အမေရိကဖလား ကွာတား) |
| | (ပင်နယ်တီ | ၀-၂ | ဖြင့် ပါရာဂွေး နိုင်) | | | |
| ၂၈-၆-၂၀၁၅ | ဘရာဇီး | ၁-၁ | ပါရာဂွေး | | | (ကိုပါ အမေရိကဖလား ကွာတား) |
| | (ပင်နယ်တီ | ၃-၄ | ဖြင့် ပါရာဂွေး နိုင်) | | | |
| ၂၀၁၆-၁၇ | ပါရာဂွေး | ၂-၂ | ဘရာဇီး | ၃-၀ | ပါရာဂွေး | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၂၈-၆-၂၀၁၉ | ဘရာဇီး | ၀-၀ | ပါရာဂွေး | | | (ကိုပါ အမေရိကဖလား ကွာတား) |
| | (ပင်နယ်တီ | ၄-၃ | ဖြင့် ဘရာဇီး နိုင်) | | | |
| ၂၀၂၁-၂၂ | ပါရာဂွေး | ၀-၂ | ဘရာဇီး | ၄-၀ | ပါရာဂွေး | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၅၈)ရှိသည့် ပါရာဂွေးအသင်းနှင့် ကမ္ဘာ့အဆင့်(၄)ရှိသည့် ဘရာဇီးတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၇)ကြိမ် ဆုံတွေ့ခဲ့ရာ ပါရာဂွေးက (၅)ကြိမ် အနိုင်ရပြီး (၃)ကြိမ်သရေကျကာ (၉)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ဘရာဇီးတို့ အသာရနေသော်လည်း ဘရာဇီး၏ ခြေစွမ်းက အားရဖွယ် မရှိသဖြင့် သရေကျရန် ရာခိုင်နှုန်းများနေပြီး ဘရာဇီးနိုင်ပါကလည်း ဂိုးပြတ်မည့် ပွဲမျိုးမဖြစ်နိုင်ပေ။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ပါရာဂွေး–ရှုံး၊ သရေ၊ ရှုံး၊ နိုင်၊ ရှုံး

ဘရာဇီး–နိုင်၊သရေ၊ နိုင်၊ သရေ၊ သရေ



## မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကိုအခြေခံ၍ တောင်သူပညာပေး မျိုးသန့်ပွား စံပြကွက်နှင့်စမ်းသပ်ကွက် ၆၆ ဧက စိုက်ပျိုးထားရှိ

**မင်းဘူး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီးမင်းဘူး ခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသ တွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တစ်ဧကအထွက်နှုန်း တိုးတက် ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကိုအခြေခံ၍ စိုက် ပျိုးနည်းပညာပေး မျိုးသန့်ပွား လုပ်ငန်းအဖြစ် သီးနှံစုံ စံပြကွက် နှင့် စမ်းသပ်ကွက် စိုက်ဧကပေါင်း ၆၆ ဧကကို တောင်သူပညာပေး စိုက်ပျိုးထားရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ယခု နှစ် မိုးရာသီ၌ မျိုးသန့်ပွား စံပြ ကွက်များအဖြစ် မိုးမြေပဲကို ဧက ၂၀၊ မိုးနှမ်းကို ၈ ဧက၊ မိုးပဲတီစိမ်း ကို ဧက ၂၀၊ ပဲစဉ်းငုံကို ၁၅ ဧကနှင့်အတူ စမ်းသပ်ကွက် ၃ ဧကအပါအဝင် စုစုပေါင်း ၆၆ ဧကကို စိုက်ပျိုးထားကြောင်း၊ ဆက်လက်၍ မိုးနှောင်း ချည်မျှင် ရှည်ဝါနှင့် မိုးနေကြာတို့အား မျိုးသန့်ပွားများရေးနှင့် တစ်ဧက အထွက်နှုန်းတိုးတက်ရရှိရေး စံပြကွက်စိုက်ခင်းများကိုလည်း တောင် သူပညာပေးလုပ်ငန်းအဖြစ် ထပ်မံစိုက်ပျိုးသွားမည်ဖြစ် ကြောင်း၊ ဒေသတွင်း သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေး နှင့် တစ်ဧကအထွက်နှုန်းတိုးတက် ရရှိနိုင်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့ကိုအခြေခံ၍ စိုက်ပျိုး နည်းပညာပေး စံပြကွက်နှင့် စမ်း သပ်ကွက် လုပ်ငန်းများအား စိုက် ပျိုးချိန်ရာသီအလိုက် စိုက်ပျိုးထား ရှိကာ သီးနှံအမျိုးအစားအလိုက် အကျိုးဆောင်တောင်သူများနှင့် အတူပူးပေါင်းပြီး တောင်သူပညာ ပေးလုပ်ငန်းများကိုလည်း ကွင်း ဆင်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်လင်းက ပြော သည်။ **(အပေါ်ပုံ)**

ယခုနှစ် မိုးရာသီ သီးနှံစိုက် ပျိုးမှုကာလတစ်လျှောက် အဆိုပါ သီးနှံစိုက်တောင်သူများ၏ စိုက် ပျိုးမြေများ၌ စိုက်ပျိုးနည်းပညာ များကိုအခြေခံ၍ ဆောင်ရွက်ထား ရှိပြီး အခြေခံသီးနှံများ အထွက် နှုန်းတိုးတက်ရရှိရေး မျိုးသန့်ပွား စံပြကွက်နှင့် စမ်းသပ်ကွက်လုပ် ငန်းများအတွက် သွင်းအားစု ပစ္စည်းများအဖြစ် ကွန်ပေါင်း ဓာတ်မြေဩဇာ (၅၀ကီလို) ၂၉ အိတ်၊ ရွက်ဖျန်းဆေးလီတာဗူး ၃၂ ဗူးနှင့် ပိုးမွှားရောဂါကာကွယ် ဆေး (၅၀၀ စီစီ)၂၁ ဗူးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးထားသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် အဆိုပါ မျိုး သန့်ပွားစံပြကွက်နှင့် စမ်းသပ် ကွက် ၆၆ ဧကအပြင် သီးနှံစုံ စိုက်ဧကပေါင်း ၂၀၃၈၇၁ ဧက စိုက်ပျိုးသွားရန် စီမံကိန်းလျာထား ဆောင်ရွက်လျက်ရှိပြီး ယနေ့ အထိ ၁၂၂၆၈၂ ဧကအထိ စိုက် ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၅၀၀)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော် မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မန္တလေး တိုင်းဒေသကြီး ဆီကုန်သည်များ နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ် ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများ ကို အထူးသက်သာသောဈေးနှုန်း ဖြင့် တိုက်ရိုက်ရောင်းချမှု အစီ အစဉ်ကို နေ့စဉ်နံနက် ၆ နာရီခွဲမှ စတင်ကာ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်၊ တမာတန်းလမ်း၊ စစ်ကိုင်း- မန္တလေးလမ်းအရှေ့ဘက်၊ ရှင်ပင် ဆပ်သွားဘုရားအနီးတွင် ရောင်းချ ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆန် စက်ပိုင်များအသင်း၊ ဆန်လက်လီ ရောင်းချသူများတို့က ရည်ညွှန်း ဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်း ချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက် ရောင်းချနေမှုအစီအစဉ်ကို မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွား ရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေ စွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက် ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ် ရောင်းချပေးမည့် အစီအစဉ်များ ကို ဇွန် ၂၈ ရက်တွင် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ ရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီ မှစတင်ကာ ရောင်း ချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီပိုင်ဈေးများ နှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူး ရောင်းချပေးသော အဆိုပြု ဆီ ဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရ သည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## (၃၇)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီး

**ပုသိမ်ကြီး ဇွန် ၂၇**

(၃၇)ကြိမ်မြောက် အပြည် ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိ သော မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီး ခြင်းကို ဇွန် ၂၆ ရက် နံနက် ၈ နာရီကစတင်၍ မန္တလေးတိုင်း ဒေသ ကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန် ကျေးရွာ၊ အေးရိပ်ငြိမ်သုသာန် အနီးကွင်းပြင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ထိန်းချုပ် ဓာတုပစ္စည်း စွန့်ပစ်ဖျက်ဆီးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်သာဦးနှင့် မူးယစ်တပ်ဖွဲ့ခွဲ (၁)မှ ရဲမှူးစိုင်းကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များ၊ မူခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူး တိုးတိုးနှင့်တပ်ဖွဲ့ဝင်များ၊ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (မန္တလေး)မှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်အေးအေးမော်နှင့် အရာထမ်းများ၊ ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးမင်းသန့်နှင့်တပ်ဖွဲ့ဝင် များနှင့် ကော်မတီဝင်များမှ ဓာတုအရည်များ၊ အမှုန့်များကို မြေမြှုတ်ဖျက်ဆီးခဲ့ကြသည်။

မြေမြှုပ်ဖျက်ဆီးခဲ့သည့် ဓာတုအမှုန့်နှင့်အရည်များမှာ ကာဗွန်၊ H.T ကာဗွန်၊ ဓာတု ဆေးမှုန့်၊ Sodium Cyanide၊ Sodium Acetate၊ Activated Carbon၊ Ammonium Nitrite၊ Ammonium Bicarbonate၊ Toluene, Acetone၊ အရောင်မဲ့အရည်၊ အရောင်မဲ့အရည်(Chloroforn)၊ Hydrochloric Acid၊ Sulphuric Acid၊ Methylamine၊ Nitric Acid၊ Hydrogenperoxide၊ Potassium Ethoxite၊ Caustic Soda စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ၁၉ မျိုးအား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၉၅)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့။

## တံတားဦးမြို့နယ်တွင် အသက်(၁၈)နှစ်နှင့်အထက် စတုတ္ထအကြိမ်မူကြမ်း စာရင်းစစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ ကြီးကြပ်မှုဖြင့် တံတား ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဩဂုတ် လအတွင်းဆောင်ရွက်မည့် အသက် ၁၈ နှစ်နှင့်အထက်(စတုတ္ထအကြိမ် မူကြမ်း)စာရင်းစစ်ဆေးခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဇွန် ၂၅ ရက် နံနက် ၁၀နာရီက စတင်ဆောင်ရွက်ခဲ့ သည်။

ကွန်ပျူတာဖြင့် စာရင်းများ ရေးသွင်းထားမှုကို မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန် ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင် ရွက်ရာသို့ တံတားဦးမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော် ကိုကို၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးထွန်းနိုင်နှင့် တာဝန် ရှိသူများက ကြည့်ရှုအားပေးကြ ပြီး စတုတ္ထအကြိမ် မူကြမ်းတွင် အသက် ၁၈ နှစ်နှင့် အထက် စာရင်းများ မှားယွင်းမှုမဖြစ်ပေါ် စေရေး အလေးထားဆောင်ရွက် ကြရန် ဆွေးနွေးခဲ့ကြောင်း သိရ သည်။ **(၄၀၉)**




## ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ မြန်မာ့အမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဟောပြောပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇွန် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ မဲသောင်းကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီက ၂၀၂၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာ့အမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဟောပြောပွဲအခမ်းအနားအား ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနာယက ဒေါ်ညိုမီစောမှ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ်မြန်မာစာဌာနပါမောက္ခ ဒေါက်တာ နုနုသိန်းမှ 'မြန်မာအမျိုးသမီးများ၏ စာပေ၊ အနုပညာစွမ်းဆောင်မှုအစဉ်အလာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ ဒေါက်တာ မီမီလင်းမှ 'မြန်မာလေ့ထုံးတမ်းဥပဒေနှင့် အမျိုးသမီးများအခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြရာ တက်ရောက်လာသူများမှ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြသည်။

ငင်းနောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်စန္ဒာအောင်မှ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနာယက ဒေါ်ညိုမီစောမှ ၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာ့အမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲတွင် အသိပညာပေးဟောပြောပေးခဲ့သည့် တောင်ကြီးတက္ကသိုလ် မြန်မာစာဌာနပါမောက္ခ ဒေါက်တာ နုနုသိန်းနှင့် ဥပဒေပညာပါမောက္ခ ဒေါက်တာ မီမီလင်းတို့အား ဂုဏ်ပြုလက်ဆောင်များ သီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

## အသက် ၁၈နှစ်နှင့်အထက်(စတုတ္ထအကြိမ်မူကြမ်း) စာရင်းရေးသွင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်

**မြစ်သား ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေစာရင်း မှန်ကန်စေရေးအတွက် အသက်၁၈နှစ်နှင့် အထက်(စတုတ္ထအကြိမ်မူကြမ်း)စာရင်းရေးသွင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းရုံး အောက်ထပ်ကော်မရှင်များ ဆောင်ရွက်နေသော နေရာ၌ ဇွန် ၂၆ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

စာရင်းရေးသွင်း တိုက်ဆိုင်စစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စာရင်းရေးသွင်းတိုက်ဆိုင်စစ်ဆေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး မြတ်သီဟမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းသူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ယဉ်မွန်ဖိုးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲနိုင်ဦး(မြစ်သား)**

## ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ခြင်း ပြုလုပ်

**ညောင်ဦး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဖော်ဆောင်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဖော်ဆောင်ရန်အတွက် သင်တန်းပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် အကျိုးခံစားခွင့်များ၊ ရန်ပုံငွေထုတ်ချေးရာ၌ အကျုံးဝင်သော လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။



ညောင်ဦးမြို့နယ်၌ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှင်မိန်ကျေးရွာနှင့် ထနောင်းဝင်းကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**

## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၂လမ်းနှင့်၂၃လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို Longarm စက်နှင့်ဝိုးဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅လမ်းနှင့်၂၆လမ်းကြားရှိ ချောင်းအတွင်းမှအမှိုက် ဒိုက်နှင့်ဗေဒါများကို PC-200 စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းနိုင်ရန်နှင့်စက်ယန္တရားများဖြင့် ဆယ်ယူနိုင်ရန် လုပ်သားများက လှေငယ်များဖြင့် ဗေဒါနှင့်ဒိုက်များ တွန်းပို့ဆောင်ရွက်ခြင်းနှင့်၂၂လမ်းနှင့်၂၆လမ်းကြားတွင် အမှိုက်သိမ်းဝန်ထမ်းများဖြင့် အမှိုက်၊ ဒိုက်နှင့်ဗေဒါများကို သိမ်းဆည်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက် ချောင်းအတွင်း ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ၃၁လမ်းနှင့်၃၂လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် သင်္ဂဇာချောင်း သာယာလှပရေးအတွက် အနောက်ဘက်ပတ်လမ်း ၃၄လမ်းနှင့်၃၅လမ်းကြားတွင် လုပ်သားများက မြက်ချုံခုတ်ခြင်းနှင့်ဒိုက်အမှိုက်များ သိမ်းဆည်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း သာယာလှပရေးအတွက်၃၈လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြားတွင် လုပ်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကိုမြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီး သာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီး တောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီး၊ မော်ဆယ်စက်တစ်စီးနှင့် ကန်တော်ကြီး ဥယျာဉ်အဖွဲ့၊ ကန်ပတ်လမ်းအဖွဲ့နှင့် ကမ်းနားလမ်းအဖွဲ့လုပ်သား ၁၀၀ ဦး ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၁၁၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဩစတြေးလျသရုပ်ဆောင် Chris Hemsworth က Transformers & G.I.Joe တွင် ပါဝင်

၂၀၂၄ခုနှစ်တွင် ကျင်းပခဲ့သည့် ရုပ်ရှင်ထုတ်လုပ်သူများနှင့်ရုပ်ရှင်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည့် 2024 Cinema Con ပွဲတော်တွင် ရုပ်ပြဇာတ်ကောင် Transformers နှင့် G.I.Joe တို့ကိုရုပ်ရှင်သစ်အဖြစ်ရိုက်ကူးရန် ကြေညာခဲ့ပြီး Chris Hemsworth ပါဝင်မည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ ရုပ်ရှင်သစ်အတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းဆရာ ဒရိတ်ကွန်နိုလီကို ငှားရမ်းခဲ့သည်ဟု ဟောလိဝုဒ်ရီပိုတာသတင်းတွင် ဖော်ပြထားသည့်အပြင် ဝါရင့်ဒါရိုက်တာ စတီဗင်စပီဘတ်က ထုတ်လုပ်သူအဖြစ် တာဝန်ယူကာ ဒါရိုက်တာ ရွေးချယ်ခြင်းမရှိသေးဟု သိရသည်။

ရုပ်ရှင်သစ် Transformers & G.I.Joeသည် Transformers: Rise of The Beasts နှင့် ချိတ်ဆက်မှုရှိသည်ဟု အနုပညာတာဝန်ခံတစ်ဦးက ရှင်းပြထားသည်။ (SKY)

## Black Pink မှ Jisoo သည် ပျော်ရွှင်လွတ်လပ်စွာနေသူဖြစ်



Black Pink အဖွဲ့ဝင် Jisoo သည် အဖွဲ့တွင် အသက်အကြီးဆုံး၊ အပျော်တတ်ဆုံးနှင့် နောက်ပြောင်တတ်ဆုံးဖြစ်ကာ ပျော်ရွှင်လွတ်လပ်စွာ နေသူဖြစ်သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jisoo သည် အဖွဲ့တွင် ပျော်ပျော်ပါးပါးနေတတ်ကာ အဖွဲ့ကို ဦးဆောင်နိုင်စွမ်းရှိပြီး ပင်ကိုစိတ်ထားပွင့်လင်းပြီး ပျော်တတ်သူဖြစ်၍ ပရိသတ်ကြားမျက်နှာပွင့်ကာတောက်ပနေသူဖြစ်သည်။

ချောမောလှပသည့် ရုပ်ရည်ကိုပိုင်ဆိုင်ထားပြီး ကိုယ်ခန္ဓာအချိုးကျလှပရန်အတွက် ယောဂအပါအဝင် အားကစား နည်းများကို လေ့ကျင့်ကာ ခေါင်း၊ ပခုံးနှင့် အရာဝတ္ထုများကို Balancing လုပ်ရာတွင် ဆရာတစ်ဆူဖြစ်ကာ ပရိသတ်အချစ်ကို ရရှိထားသည်။

အဆိုတော်အဖြစ် သာမက Jisoo ကို သရုပ်ဆောင်အဖြစ်လည်း ပရိသတ်အားပေးထားကြသည်။ (SKY)

## Zhao Lusi လက်ရှိ ရိုက်ကွင်းသို့ Lixing က အစားအသောက်များ ပေးပို့ခဲ့



Zhao Lusi လက်ရှိရိုက်ကူးနေသည့် Love's Ambition ရိုက်ကွင်းသို့ အစားအသောက်များပေးပို့ခဲ့သူမှာ Love Like The Galaxy Chief Producer လီရှင်းဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုက်ကွင်းမှလူများ၏ ပြောစကားအရ LLTG Chief Producer လီရှင်းသည် အဆိုပါ ဇာတ်ကားထုတ်လုပ်သူနှင့် ရင်းနှီးသော ဆက်ဆံရေး ရှိသော်လည်းသူ၏ ဧည့်ခံကျွေးမွေးမှုမှာ Zhao Lusi ကို ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်ဟုဆို၍ ရိုက်ကွင်းအဖွဲ့ဝင်များ အံ့အားတသင့်ဖြစ်ခဲ့ကြကာ ကျေးဇူးတင်စကားပြောကြားထားကြသည်ဟု ဆိုသည်။

Zhao Lusi သည် ပရိသတ်များသာမက လုပ်ဖော်ကိုင်ဖက်များကပါ ချစ်ခြင်းခံရသူဖြစ်သည်။ (SKY)

## Shilpa Shetty ယောဂဘုရင်မ၏ ကျန်းမာရေးလျှို့ဝှက်ချက် ထွက်ပေါ်လာ


ဘောလိဝုဒ်မင်းသမီး Shilpa Shetty ကို Yoga Queen ဟု သတ်မှတ်ထားကြရာ သူ၏ အသက်နှင့်မလိုက်အောင်နုပျိုနေသည့် ကျန်းမာရေး လျှို့ဝှက်ချက် ထွက်ပေါ်လာခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင်တစ်ဦးဖြစ်သည့် Shilpa Shetty သည် ကိုယ်ခန္ဓာကို ထိန်းသိမ်းရုံသာမက စိတ်ကိုပါ အေးချမ်းမှုရရှိစေရန်အတွက် ယောဂကို နှစ်ပေါင်းများစွာ ကျင့်ခဲ့သူဖြစ်သည့်အပြင် အစားအသောက်ကိုပါ ချင့်ချိန်စားခဲ့သည်။

နေ့စဉ်နံနက်တိုင်း အချိန်မှန်မှန် ယောဂကျင့်စဉ်ထိုင်ကျင့်ခဲ့၍ ကိုယ်ခန္ဓာပိုင်းနှင့် စိတ်ပိုင်းအေးငြိမ်းမှုရရှိကာ စိတ်ပိုင်းဆိုင်ရာစွမ်းအင်များ ပြည့်လာပြီး ဘဝတွင် လိုက်လျောညီထွေနေတတ်လာသဖြင့် စိတ်ပျိုကိုယ်နုကာ စိတ်ဖိစီးမှုများကင်းဝေးလာရသည်ဟု သူ၏ကျန်းမာရေး လျှို့ဝှက်ချက်ကို ပရိသတ်ထံ ဝေမျှပေးခဲ့သည်။

အသက်(၄၉)နှစ်နှင့် Shil- pa Shettyကို လှပနုပျိုလန်းဆန်းစွာ မြင်တွေ့ကြရသူများက ယောဂဘုရင်မဟု သတ်မှတ်ထားကြသည်။

(SKY)



## အသက်ဖဝကျော်လျှင် နှလုံးအဆို့ရှင်ပြဿနာ ကြုံတွေ့နိုင်

အသက်ရှူမဝခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အားယုတ်ခြင်း၊ မူးနောက်နောက်ဖြစ်ခြင်း၊ ခြေထောက်နှင့်ခြေမျက်စိရောင်ရမ်းခြင်း၊ပုံမှန်ထက်ပို၍ ပင်ပန်းနွမ်းနယ်ခြင်း၊ ရင်တုန်ခြင်းစသောလက္ခဏာများ ကြုံတွေ့လာပြီဆိုလျှင် နှလုံးအဆို့ရှင်ယိုယွင်းနေပြီဟုဆိုနိုင်ကြောင်း ဗြိတိသျှနှလုံးအထူးကုဆရာဝန်များက သတိပေးသည်။

၂၀၀၇ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ အသက် ၆၀ကျော် နှလုံးလူနာပေါင်း ၁၀၀၀၀ဦးတို့ကို ဗြိတိန်နိုင်ငံမှ ပါမောက္ခဗတ်ဆီလီယော့စ်ဗတ်ဆီလီယူနှင့် ပါမောက္ခမိုက်ကယ်လ်ဖရင်နော့ဦးဆောင်သော နှလုံးကျွမ်းကျင်သူများသုတေသနပြု လေ့လာရာမှ နှလုံးအဆို့ရှင်ယိုယွင်းမှုနှင့်ပတ်သက်၍ ထိုသို့သတိပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နှလုံး၏ အခန်းလေးခန်းရှိ သွေးအဝင်အထွက်ကို ယိုယွင်းလာသောအဆို့ရှင်များမထိန်းနိုင်တော့ရာမှ နှလုံးရောဂါ၊ လေဖြတ်ခြင်းများဆက်လက်ဖြစ်ပွား လာမည်ဟုဆိုသည်။ SCI



## Bank Thiti က လက်ရှိ ကော်ဖီဆိုင်ဖွင့်ထား

ထိုင်းအနုပညာရှင် Bank Thiti ကို ပရိသတ်များက The Mind Game နှင့် အားပေးထားကြပြီး လက်ရှိ Refill Coffee ၏ ကော်ဖီဆိုင်ပိုင်ရှင်အဖြစ်မြင်တွေ့ကြရသည်ဟု နိုင်းနယူး ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Bank Thiti သည်အနုပညာ စွမ်းရည်ပြည့်ဝသော သရုပ်ဆောင်ဖြစ်သော်လည်း စီးပွားရေးပိုင်းကို ဦးစားပေးလုပ်ကိုင်နေရာ သူ၏ Refill Coffee ဆိုင်မှာလည်း နာမည်ကြီးခဲ့သည်။

Bank Thiti သည် Khon Kaen တွင် ကော်ဖီဆိုင်ဖွင့်လှစ်ထားပြီး အပြင်အဆင် ကောင်းမွန်၍ သောက်စရာများလည်း ပေးရသည့်ဈေးနှင့် သင့်တော်သဖြင့် လူကြိုက်များကာ Food Vlogger များကပင် လမ်းညွှန်ပေးရသည်ထိ ဖြစ်ခဲ့သည်။

အချစ်ရေးနှင့်ပတ်သက်၍ အချိန်ကြာလာသည်ထိ ရိုးအေးတိတ်ဆိတ်မသွားဘဲ ဆက်လက်လတ်ဆတ်နေကာ ကော်ဖီဆိုင် ပိုင်ရှင်၊ သရုပ်ဆောင်မင်းသားချော Bank Thiti မှာ စီးပွားရေးရော အချစ်ရေးပါ အောင်မြင်နေသည်။

(SKY)



# စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ အခမ်းအနား ကျင်းပ

**ကျောက်ဆည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့မအခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မြို့မ အခြေခံပညာအထက်တန်းကျောင်းစုဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေဗဟုသုတများလေ့လာခြင်းဖြင့် ဗလငါးတန်နှင့်ပြည့်စုံကြွယ်ဝသည့် ကျောင်းသားလူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ ဟောပြောပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ဖတ်ရှုသင့်သည့်စာပေအမျိုးအစားများ စာဖတ်ခြင်းဖြင့်ရရှိနိုင်သည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။ကျောက်ဆည် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ကာတွန်းဖောင်းဖောင်းက ဉာဏ်ပညာနဲ့ချစ်ခြင်းတရားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး သောင်းဝင်း(မြင်းခြံ)က ချစ်ခြင်းမေတ္တာအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်းနံရံကပ်စာစောင်တို့ကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စုစုအေး ကျောက်ဆည်

*-*-*-*-*



# စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြို့သစ် ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်၊ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း(Book Club)အဖွဲ့ဝင်များဖြစ်သည့် ဆရာ ဦးတင်မောင်ဝင်း၊ ဦးမြင့်ကြည်တို့က စာရေးဆရာ ရန်ကုန်ဘဆွေရေးသားသည့် 'မြန်မာပြည်သား' စာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-8 ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# မေဂျာပေါင်းစုံအားကစားပြိုင်ပွဲ ကျင်းပ

**ရေနံချောင်း ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မေဂျာပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက အားကစားပြိုင်ပွဲနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘောလုံးကန်၍ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ဇွန် ၂၉ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၃၀ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၇၂)



# လူငယ်စကားဝိုင်း ကျင်းပ

**ဇေယျာသီရိ ဇွန် ၂၇**

ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် ပြည်စံအောင်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ နှုတ်စွမ်းရည်များတိုးတက်ပြီး ပရိသတ်ရှေ့တွင် ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်နွယ်နွယ်အောင်နှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် မျိုးချစ်စိတ်၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် အသိပညာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ အခမ်းအနားအပြီးတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင်

## ပန်းသတင်း

\- - - - - - - - - - - -

* တစ်နေ့တာ နံနက်ခင်း
ပန်းသတင်းက မွှေး။
* စံပယ်တဲ့ သုံးရုံ
အပွင့်ရယ် မြိုင်
ကြိုင်လှိုင်ကာ ဖွေး။
* ပင်ကံ့ကော်
အပင်ငယ်သော်လည်း
အပွင့်ရယ် မြိုင်
ကြိုင်လှိုင်ကာ ဖွေး။
* စိန္တေမြတ်ဘုရား
ပန်းကပ်လှူမယ်
စိတ်အကြံကုသိုလ်အတွေး။ ။

မြတ်ထေရ်ကျော်



## သတင်းပဒေသာ

### အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးလုပ်ငန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆိပ်ဖြူ(အ·ထ·က) နဝရတ်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ အသိပညာပေးလုပ်ငန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျူပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျူပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဇိုလ်မင်းရောင်ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ စာသင်ဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို မိုင်းပန်-တာဆန်းသွားကားလမ်းဘေး၊ (၃) မိုင်ကျေးရွာအနီး၌ ဇွန် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက Book Club အဖွဲ့ဝင်များဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့တွင် လူမှုကူညီရေး၊ နာမှုကူညီရေး ပရဟိတအသင်း (၄)သင်းသို့ ကား(၄)စီး ရေစက်ချလှူဒါန်း



**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့တွင် လူမှုကူညီရေး၊ နာမှုကူညီရေး ပရဟိတလုပ်ငန်းများဆောင်ရွက်နေသော လူမှုကူညီရေးအသင်းလေးသင်းသို့ ကားလေးစီး ရေစက်ချလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေး ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း၆၀၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားရှိ လောကပါလ လူမှုကူညီရေးအသင်းတွင် ကျင်းပခဲ့သည်။

ရေစက်ချလှူဒါန်းပွဲသို့ အောင်မြေသာစံမြို့နယ်၊ အတာယမင်္ဂလာရာမဥသျှစ်ကုန်းကျောင်းတိုက်၊ ရတနာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်တေဇာစာရ(ရှင်နေမင်း)မဟာမေ့မကထိက၊ ဗဟုဇနဟိတရေ အမှူးပြု ပဉ္စင်းသံဃာတော်ငါးပါး ကြွရောက်တော်မူကြပြီး လောကပါလလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင် အတွင်းရေးမှူး ဦးခင်မောင်အေးနှင့် အလုပ်အမှုဆောင် အသင်းသူ၊ အသင်းသားများ မိတ်ဖက်လူမှုကူညီရေးအသင်း တာဝန်ရှိသူများ၊ အလှူရှင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော် အရှင်တေဇာစာရ(ရှင်နေမင်း)ထံမှ တက်ရောက်လာသူအပေါင်းမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များမှ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား အလှူရှင်များမှ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့်ဆွမ်းဆက်ကပ်ခြင်းများ ပြုကြပြီး လှူဒါန်းမှုအစုစုအတွက် အရှင်တေဇာစာရမှ အနုမောဒနာ ရေစက်ချတရား ချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ အလှူရှင် ဦးတင်မြင့် + ဒေါ်ခင်ထွေး(မိုးထိဂုဏ်ရောင်-ကျောက်မျက်ရတနာ ကုမ္ပဏီ)မိသားစုမှ အလင်းစေတမန် သွေးအလှူရှင်နှင့် လူမှုကူညီရေးအသင်းသို့ ALPHARD တစ်စီး၊ ဦးဟန်နိုင်စိုး + ဒေါ်မိုးမိုးထွေး(မိုးထိအောင်စည်-ကျောက်မျက်ရတနာကုမ္ပဏီ)မိသားစုမှ လောကပါလလူမှုကူညီရေးအသင်းသို့ AMBULANCE တစ်စီး၊ ဒေဝဟိနိက လူမှုကူညီရေးအသင်းသို့ ကနုတ်ပန်းကားတစ်စီး၊ အလှူရှင် PK ထွန်း + မပိုးကြာဖြူခင်(ရတနာ PK Htun စိန်ရွှေရတနာဆိုင်)မိသားစုတို့မှ မဏိစလ လူမှုကူညီရေးအသင်းသို့ ကနုတ်ပန်းကားတစ်စီးတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းများမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်လျက် တက်ရောက်လာသူအပေါင်းအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခြင်း၊ ကြယ်တံခွန်နန်းတေးဂီတအဖွဲ့ဖြင့် တွဲဖက်ကာ တေးသံရှင် နီနီနှင့် အခြားတေးသံရှင်များ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ ပြုကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

## မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း ပြုလုပ်

**မိုင်းဆတ် ဇွန် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက နားယန်းကျေးရွာ ရေထွက်နေရာ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မိုင်းဆတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုးနှင့် တာဝန်ရှိသူတို့က ဒေသခံပြည်သူများကို စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင် စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် မယ်ဇလီ၊ ကျွန်းဟူသည့် ပျိုးပင်ပေါင်း ၂၀၀ ကို ပြည်သူလူထုအင်အား ၅၀ ဦးတို့က တစ်ပျော်တစ်ပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**





## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ

**ပင်းတယ ဇွန် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ မြို့နယ်မှော်ရုံအရှေ့ရှိ မြို့လယ်လမ်းဆုံ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်ထောင်စု အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) ဦးကျော်ကျော်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးဇာနည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဟူသော ဆောင်ပုဒ်ပါ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေး ဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ပေးခြင်း အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ထယ်သွန်းကျေးရွာမှ ဓနုတိုင်းရင်းသားယဉ်ကျေးမှု အသိအမှတ်ပြု ဓနုတိုင်းရင်းသူလေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၃၀)**

စာအုပ်ရှုခင်း

# ရွာစားစိန်တင်ဟန်၏ ဆိုင်းသမား

## ဖော်ညွှန်းသီ

(၂၄-၄-၂၀၂၄)ရက်က သူငယ်ချင်းဖြစ်သူ ပန်းချီဆရာ၊ စာရေးဆရာ နေမျိုးမှ သူ့အဖေ ရေးသည့်စာအုပ် တစ်အုပ် ကျွန်တော့်အား လက်ဆောင်ပေးပါသည်။ နေမျိုး၏ အဖေမှာ အခြားသူမဟုတ်။ ကျွန်တော်တို့ ငယ်စဉ်သကြိန်ကာလ နဂါးမယ်ရေသဘင်မဏ္ဍပ်အတွက် 'သကြိန်သီချင်းများ'ရေးစပ်သူ ရွှေစာရုံဘုရားပွဲကာလ ဟိုးလေးတကျော်ဖြစ်ခဲ့သည့် 'ထန်းရွက်ပုတီး' သီချင်းရေးသူ၊ သဘင်မဂ္ဂဇင်းတွင် ရေးခဲ့သည့် 'ဘိသိက်ပြိုင်'ဆောင်းပါးဖြင့် ရုပ်သံဇာတ်လမ်းအဖြစ် ပြောင်းလဲတင်ဆက်ခြင်းခံရသူအဖြစ် နာမည်ကျော်ခဲ့သည့် ဆိုင်းဆရာ ရွာစားစိန်တင်ဟန်ပင်ဖြစ်သည်။

ရွာစားစိန်တင်ဟန်၏ ယခုစာအုပ်မှာ ဒုတိယအကြိမ်ထုတ်ဖြစ်ပြီး နှစ်ကာလများ စာပေမှ ထုတ်ဝေကာ မန္တလေး Read It Book Store & Publishing မှ ဖြန့်ချိသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် မုံရွေးစာအုပ်တိုက်မှ ပထမအကြိမ်ထုတ်ဝေခဲ့သည်။ ပထမအကြိမ်ထုတ် စာအုပ်မှာ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်ကောင်းဖြစ်နိုင်သည်ဟု ထုတ်ဝေသူ ဆရာကိုတာက စာအုပ်အမှာတွင် ဆိုထားသည်။ ထို့အတူ ယခု ဒုတိယအကြိမ်ထုတ်စာအုပ်တွင်လည်း သားဖြစ်သူ ဆရာနေမျိုးက သူ၏အမှာစာတွင် 'ကျွန်တော်ဝယ်ယူဖတ်ရှုခဲ့သော စာအုပ်တစ်အုပ်ဖြစ်သည့် ချာလီချက်ပလင်၏ (My Auto Biography) မိုင်အော်တိုဘိုင်အိုဂရပ်ဖီ၊ ဘာသာပြန်သူ မောင်နေဦးစာအုပ်ကို အဖေ ကောက်ယူဖတ်ရှုခဲ့ပြီး အဆိုပါစာအုပ်က အဖေ၏ 'ဆိုင်းသမား'စာအုပ်ကို အထောက်အကူပြုခဲ့မည်ဟုလည်း စဉ်းစားမိပါသည်'ဟု ကောက်ချက်ချဆိုထားပြန်သည်။

ထို့ကြောင့် ရွာစားစိန်တင်ဟန်၏ ဆိုင်းသမားစာအုပ်မှာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ဖြစ်သည်ဟု သေချာပေါက်ဆိုရပေမည်။ ထို့ပြင် ဤစာအုပ်ဖြစ်ပေါ်လာရခြင်းသည် သားဖြစ်သူ နေမျိုး၏ ကြိုးစားအားထုတ်မှုကို မလွဲမသွေ အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ နေမျိုး၏ အမှာစာထဲမှာ အောက်ဖော်ပြပါ ကောက်စာအချို့ကို ဖတ်ကြည့်စေချင်သည်။

'ကျွန်တော်သည် ယခု Read It မှ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်သော ရွာစားစိန်တင်ဟန်၏ 'ဆိုင်းသမား'စာအုပ်တွင် အမှာစာရေးရန် အကြောင်းဖန်လာသောအခါ ကျေနပ်ဝမ်းမြောက်စွာ ရေးသားခဲ့ပါသည်။ ယခုစာအုပ်ပေါ်ပေါက်လာစေရန် အဖသည် နှစ်အတန်ကြာကအားထုတ်ခဲ့ပါသည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် အဖေသည် ယခုစာအုပ် 'ဆိုင်းသမား'ကို စတင်ရေးနေပါပြီ'။

'ထိုစဉ်ကနှစ်များမှာ ကျွန်တော်တို့မိသားစု နေအိမ်နေရာ အသီးသီးသို့ ရွှေ့ပြောင်းနေထိုင်ရချိန်ဖြစ်ပြီး ကျဉ်းမြောင်းကျပ်တည်းသော မိုးမလုံသော နေရာများသို့လည်း ရွှေ့ပြောင်းနေထိုင်ခဲ့ကြရပါသည်။ ထိုသို့သော အိမ်ဂေဟာနေရာ အတည်တကျ မရှိသေးဘဲ ရွှေ့ပြောင်းနေထိုင်ရင်းဖြင့် အဖေ၏ရေးလက်စ 'ဆိုင်းသမား'လက်ရေးမူများ ပျက်စီးပျောက်ဆုံးသွားခဲ့သည်မှာ မနည်းလှပါ။ ကျွန်တော် မန္တလေးပန်းတျာနှင့် ပန်းချီ၊ ပန်းပုသင်တန်းကျောင်းမှ ကျောင်းဆင်းစာမေးပွဲအောင်မြင်ပြီးနောက်တွင် အနုပညာလက်ရာတစ်ခု၏ တန်ဖိုးကို သတိပြုမိလာသောအခါမှ အဖေ့လက်ရေးစာမူများကို သိမ်းဆည်းရန် ကြိုးစားခဲ့ပါသည်။ သို့ရာတွင် အချို့လက်ရေးစာမူများမှာ မရှိကြတော့ပြီ။

အဖေက ဤ 'ဆိုင်းသမား'စာအုပ်ကို ရေးခဲ့ရာတွင် စာအုပ်အမျိုးမျိုးနှင့် စာရွက်အမျိုးမျိုးတို့အပေါ်တွင် အမှတ်စဉ်ထိုးကာ ရေးသားခဲ့ခြင်းဖြစ်ပြီး စုဆောင်း၍ ရနိုင်သမျှကို အမှတ်စဉ်များ မစုံတော့သည်တိုင် ပေါင်းစု၍ ကွန်ပျူတာစာစီခဲ့ပါသည်။ ယခု စာအုပ်ကို ဦးစွာကွန်ပျူတာစာစီပေးခဲ့သူမှာ ကျွန်တော်နှင့် တစ်နေရာတည်း အလုပ်အတူတူလုပ်ဖော်ကိုင်ဖက် မအေးအေးချိုဖြစ်ပြီး သူသည် ကွန်ပျူတာစာစီချိန်တွင် အဖေ့လက်ရေးများကို ခက်ခဲပင်ပန်းစွာ ကြိုးစားဖတ်ရှုခဲ့ရပြီး နောက်နောင်တွင် မအေးအေးချိုသည် အဖေ့လက်ရေးမူများကို ကောင်းစွာဖတ်ရှုနိုင်သူတစ်ယောက်ဖြစ်လာပါသည်။ ဤနေရာ၌ သူ၏ စွမ်းဆောင်ချက်ကို မမေ့မလျော့ ဖော်ပြအပ်ပါသည်။ အဖေ့စာအုပ်ကို သင့်တော်အောင် ဆက်စပ်ဖော်ပြပေးနိုင်ရန် ကြိုးပမ်းခဲ့ပြီး ယခု 'ဆိုင်းသမား'စာအုပ်၏ နောက်ဆုံးစာမျက်နှာများ၌ ဖော်ပြထားသည့် အဖေ့ပန်းချီပုံကြမ်းများ၊ လက်ရေးမူများမှာ ကျွန်တော်က သင့်လျော်အောင် ဆက်စပ်ဖော်ပြပေးထားခြင်းဖြစ်ကြောင်း ဝန်ခံလိုပါသည်။ ကျွန်တော့်ကို ကြည်နူးလွမ်းမောသွားစေသည်က အဖေ့ပန်းချီပုံကြမ်းများနှင့် လက်ရေးမူစာသားများဖြစ်ပါသည်။

ဖော်ပြပါ နေမျိုး၏အမှာစာကို ဖတ်ကြည့်ခြင်းဖြင့် ရွာစားစိန်တင်ဟန်သည် (ပတ်တီးဆရာ) ဆိုင်းဆရာ၊ သီချင်းရေးဆရာ၊ စာပေကဗျာရေးသားခြင်း အဖြစ်သာမက ပန်းချီအခြေခံပညာကိုပါ ရေးဆွဲသရုပ်ဖော်နိုင်သူအဖြစ် သိခွင့်ရခဲ့ပါသည်။

ကျွန်တော်မှာ နေမျိုးနှင့်သူငယ်ချင်းဖြစ်၍ သူ့အိမ်သို့ အလည်ရောက်တိုင်း သူ့အဖေ ရွာစားစိန်တင်ဟန်နှင့် မကြာခဏဆုံဖြစ်သည်။ ထိုစဉ်က ရွာစားစိန်တင်ဟန်တို့မိသားစုမှာ ၃၅လမ်းမြောက်ဘက် ၈၁ လမ်းနှင့် ၈၂လမ်းကြားရှိ ပန်းချီဝင်းထဲတွင် နေထိုင်ကြရာ ရွာစားစိန်တင်ဟန်ဆီမှာ သူ၏ဘဝအတွေ့အကြုံ၊ ပုံတိုပတ်စများ၊ ရယ်စရာ၊ လွမ်းမောစရာ၊ သည်းထိတ်ရင်ဖိုဇာတ်လမ်းများကိုလည်းကောင်း၊ တေးထပ်ကဗျာ၊ ဇာတ်စာများကိုလည်းကောင်း၊ ပြောပြသည်ကို နားထောင်ခဲ့ရဖူးသည်။

တစ်ခါတစ်ရံ လက်တွေ့ ဆိုင်းတီးပြသည်။ သို့မဟုတ်ပါက ပါးစပ်ဖြင့် ပါးစပ်ဆိုင်းလည်း တီးဆိုပြပါသည်။ ကျွန်တော်တို့မှာ လူငယ်များဖြစ်၍ နေမျိုး၏ ဖခင် ရွာစားစိန်တင်ဟန်ထံမှ ထူးဆန်းဖွယ် အကြောင်းအရာများကြားရ၍ နားထောင်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

သို့သော် ထိုစဉ်က ငယ်ရွယ်သော ကျောင်းသားဘဝဖြစ်၍ ရွာစားစိန်တင်ဟန်ပြောပြသည့် အကြောင်းအရာများကို ခေါင်းထဲတွင် စွဲမြဲစွာ မမှတ်မိခဲ့ချေ။ တန်ဖိုးထားရကောင်းမှန်းလည်း မသိခဲ့ချေ။

ယခု ထိုအကြောင်းအရာများ စာတစ်စောင်၊ ပေတစ်ဖွဲ့ စာအုပ်ကြီးတစ်အုပ်အဖြစ် နှစ်ကြိမ်တိုင် ထွက်ရှိလာသောကြောင့် စာအုပ်ထုတ်ဝေသူများနှင့် စာရေးသူ ဦးလေး ရွာစားစိန်တင်ဟန်အား အထူးဂါရဝပြု လေးစားကျေးဇူးတင်ရပါသည်။

စာအုပ်မှာ စာမျက်နှာ ၅၀၀ နီးပါးခန့်ရှိပြီး ပထမအကြိမ် ထုတ်ဝေခြင်းမှ အမှာ၊ သားဖြစ်သူ နေမျိုး၏ အမှာစာ၊ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ခေါင်းစဉ်ငယ် ၃၅ ခုဖြစ်သော ကျွန်တော့်ဘဝ၊ ကျွန်တော့်ဇာတာခွင်မဟာဘုတ်၊ အဖေ့အသံ၊ အမေ့အသံ၊ ကျွန်တော်တို့ရွာ၊ ဘုန်းတော်ကြီး၊ ဆွေစဉ်မျိုးဆက်၊ မြင်းရထားခိုးစီးခြင်း၊ ဆွမ်းတော်ကြီး၊ အရေးတော်ပုံ၊ ပုံသဏ္ဌာန်များ၊ နှမလေးပါးတွင် ခွေးကိုက်ခံရခြင်း၊ ဘကြီးဦးလှဝတို့အလှူ၊ ဒုတိယကမ္ဘာစစ်ကြီး၊ကစားသမား၊ ဗိုလ်အောင်ဒင်၊ စိန်ဆပ်ပြာ၊ ငရဲမီး၊ ရဟန္တာ၊ ဖက်ဆစ်ဂျပန်၊ နပန်းပွဲ၊ အရုပ်ပုန်းနှင့် ဘလိုင်ကြီး၊ ကက်ဆွဲခြင်း၊ မြင်းရောလူရော၊ မီးကျည်ချခြင်း၊ ဗုံးအမျိုးမျိုး၊ ကျွဲနှစ်ကောင်၊ ဝဲပေါက်ခြင်း၊ ငွေစက္ကူ၊ ကိုမြသွင်၊ အခေါ်အဝေါ်များ၊ ကျွန်တော်ရောက်တဲ့နေရာ၊ ပတ်စာမျိုရခြင်း၊ နောက်ဆက်တွဲ စသည်တို့ဖြစ်သည်။

ဆိုင်း ဟုဆိုလိုက်သည်နှင့် ဇာတ်ဆိုင်း၊ အငြိမ့်ဆိုင်း၊ နတ်ဆိုင်း၊ ဗလာဆိုင်း၊ ရုပ်သေးဆိုင်း များစွာရှိရာ မည်သည့်ပွဲအခမ်းအနားများကိုမဆို ကျင်းပကြသည့်အခါ ဆိုင်းမပါဘဲ ကျင်းပ၍ မရပေ။ ဆိုင်းပါမှသာလျှင် မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် စည်ကားသိုက်မြိုက်မည်ဖြစ်သည်။

ဆိုင်းဝိုင်းတစ်ဝိုင်းဖြစ်ဖို့ အကြမ်းဖျင်းအားဖြင့် အနည်းဆုံး လူ ၁၀ယောက်ခန့်ရှိမှဖြစ်မည်။ ဆိုင်းဆရာ(ပတ်တီးဆရာ)၊ ကြေးတီး၊ နှဲ၊ ပတ်တီးလက်ထောက်၊ မောင်းတီး၊ လင်းကွင်းတီး၊ ပတ်မတီး(ဝါးတီးနှစ်ယောက်)၊ စည်းတီးအဆို စသဖြင့်ဖြစ်သည်။

သူငယ်ချင်းနေမျိုးနှင့် ဆက်သွယ်၍ သူ့မိဘ ဆိုင်းဆရာအိမ်သို့ ဝင်ထွက်သွားလာမှုရှိသောကြောင့် သဘင်စကား၊ ဇာတ်စကား၊ ဘလပ်စကားများလည်း ကြားရဖန်များကာ နားရည်ဝလာသည်။ ဥပမာ ထမင်းကို- ပုံး၊ ထမင်းစားရအောင်- ပုံးစေရအောင်၊ ဟင်း- ပုံးဖတ်၊ ဝက်သားဟင်း- အောင်၊ ကြက်သားဟင်း- ကောက်၊ အင်္ကျီ- စွပ်ဖား၊ ထဘီ- ဒိုင်း၊ လက်ဖက်ရည်- ဒေါင်၊ လက်ဖက်ရည်သောက်ရအောင်- ဒေါင်ပိတ်ရအောင်၊ အလှူထဲကောင်မလေးတွေလာနေပြီ- ရိပ်ထဲဂွဲလေးတွေဇောင့်လာနေပြီ၊ ပတ်မကြီး- ဇက်တောကြီး၊ ဆိုင်းဆရာ- ဇက်အုပ် စသဖြင့် ခေါ်ဆိုကြသည်။

ယင်းအကြောင်းအရာများကိုလည်း 'ဆိုင်းသမား'စာအုပ်တွင် ဖော်ပြထားသည်။ ဤစာအုပ်၏ ထူးခြားချက်မှာ ခေါင်းစဉ်ငယ် ၃၅ ပုဒ်ဖြင့် စုစည်းထားသော်လည်း ၃၄ ပုဒ်မြောက်ဖြစ်သော 'ပတ်စာမျိုရခြင်း'အပိုင်းမှာ အလွန်ရှည်ပါသည်။ စာမျက်နှာ ၁၅၀မှစ၍ စာမျက်နှာ ၄၇၁ တွင် ပြီးဆုံးရာ စာအုပ်၏ သုံးပုံနှစ်ပုံခန့်ရှိသဖြင့် စာအုပ်တစ်အုပ်စာ ခွဲထုတ်၍ ပင်ရသည်။

ထိုအပိုင်းတွင် အကြောင်းအရာစုံလှသဖြင့် ရောင်စုံပန်းစကြာမှန်ပြောင်းကြည့်ရသလိုပင် ဘဝဇာတ်ခုံအမျိုးစုံလှသည်။ နယ်လှည့်၍ ဆိုင်းတီးသည့်အတွေ့အကြုံများမှာ ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ရယ်ရွှင်ဖွယ် ဟာသပြက်လုံးများကိုလည်း ဖတ်ရသည်။ မိုက်ရူးရဲဆန်သော ဇရာဝတီမြစ်ဖြတ်ကူးသည့်အကြောင်း ပါသည်။ ဆိုင်းသမားချင်းအတီးပြိုင်ကာ အရှုံးအနိုင် ပြိုင်ပွဲတွေကြည့်ရသည်။ ဆိုင်းထဲတွင် ရုပ်သေးဆိုင်းတီးရတာ အခက်ဆုံးဖြစ်ကြောင်း မှတ်သားရသည်။ ဘယ်ဆိုင်းဆရာမှ မတီးချင်သော သူတောင်းစားနှင့် သုဘရာဇာများ၏ အလှူပွဲ ဆိုင်းတီးခဲ့ရသည့်အတွေ့အကြုံမှာလည်း ထူးဆန်းပါပေသည်။ စန္ဒရားဆရာ ဂီတလုလင် မောင်ကိုကိုနှင့်အတူ ဝါးပတ္တလားတီးခဲ့ရသည့် ရွာစားစိန်တင်ဟန်၏ အရေးအဖွဲ့ကို ဖတ်ကြည့်စေချင်သည်။

ဂီတလုလင် မောင်ကိုကိုက စန္ဒရားလက်သံအလွန်ကောင်းသည်မှာ ပြောစရာမရှိပါ။ လက်ပေါ်ပေါ်နှင့် ကိုယ်တော်နှင်းနံ့ကို တီးပါသည်။ ကျွန်တော်က အဘစိန်ဗေဒါ၏ မူရင်းကွက်ကို လက်ခိုင်ခိုင်နဲ့ တီးပါသည်။ ကျွန်တော့်နောက်တွင် မည်သူမျှမရှိပါ။ ဂီတလုလင် မောင်ကိုကို၏နောက်တွင် ဘကြီးချစ်ထိုင်နေပါသည်။ ကိုယ်တော်နှင်းနံ့က မြင်းခင်းသို့ တစ်ဆက်တည်းတီးရပါသည်။ မြင်းခင်းမှာ မြန်ပြေနယ် ဇမ္ဗူပေါင်ဖြစ်ပြီး မြူးမြူး ကြွကြွအကွက်များပါပါသည်။ တီးရင်း တီးရင်း အရှိန်ပိုရလာပြီး တစ်ပုဒ်ပြီး တစ်ပုဒ်တက်လာကာ 'စာမရီသို့ ထူးမခြား - - - နတ်မြင်းပျံသို့ မြူးကြွားကြွား'ဤနေရာသို့ အရောက်တွင် ကိုမောင်ကိုက စန္ဒရားကို ရော်လိုက်ပါသည်။ တစ်နည်းအားဖြင့် မွှေနှောက်၍ အကွက်ပျောက်တီးခြင်းဖြစ်ပါသည်။ လက်ဆယ်ချောင်းဖြင့်တီးသော စန္ဒရားသံများက ပင်လယ်ရေလှိုင်းများ လှိမ့်ဆင်းလာသလို ကြောက်ခမန်းဖြစ်လောက်အောင် ကောင်းလှပါ




သည်။ ထူးခြားသော စန္ဒရားသံစုံများက လျှပ်ပန်းလျှပ်နွယ်တို့ဖြင့် ပြည့်ပြည့်စုံစုံ သည်းသည်းမည်းမည်း ရွာချလိုက်သော မိုးကဲ့သို့ ကောင်းလှသော မောင်ကိုကို၏ လက်သံကြားဝယ် ကျွန်တော့်တီးကွက် ပျောက်မသွားရန် မနည်းဂရုတစိုက် အာရုံပြုတီးနေပါသည်။ စန္ဒရားကို အရော်လွန်သောအခါ သူ့မူရင်းတီးကွက်များ အလိုလိုပျောက်သွားပြီး ရှေ့ဘာဆက်လုပ်ရမှန်းမသိဖြစ်သွားသော မောင်ကိုကိုက လက်နှစ်ဖက်ကို ဆတ်ခနဲ အမြောက်လိုက်ဘကြီးချစ်က နောက်ကနေ၍ သူ့ပခုံးနှစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်သဖြင့် ကျွန်တော်ပါ တီးနေရင်း ရပ်ပေးလိုက်ပါသည်။

'မင်းသူ့ကို သွားဖျောက်လို့ ဘယ်ရမလဲကွ၊ သူက ဆိုင်းကွက်နဲ့ ခိုင်ခိုင်ကြီးတီးနေတာ'ဟု ဘကြီးချစ်က မောင်ကိုကို့ကို ပြောပါသည်။ **(စာ-၃၃၈မှ)**

ရွာစားစိန်တင်ဟန်၏ ဆိုင်းသမားစာအုပ်အား ခြုံပြီးဆိုရသော် အနုပညာယဉ်ကျေးမှုနယ်ပယ်တွင် လစ်ဟာနေ ကွက်လပ်အား ဆိုင်းလောက၊ ဇာတ်သဘင်လောက၏ ဗဟုသုတရဖွယ် ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဖြည့်ဆည်းပေးလိုက်သည့် စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းဆိုလိုက်ရပါသည်။

ရွာစားစိန်တင်ဟန်သည် အဖ ဦးဖိုးသစ်၊ အမိ ဒေါ်မြမွှုတို့မှ ၁၉၃၂ခုနှစ် ဇူလိုင် ၁၁ ရက်တွင် မြင်းခြံ၊ စွန်းလွန်းရွာတွင် မွေးဖွားသည်။ ငယ်နာမည် မောင်ကိုလေး၊ ၁၉၄၂ ခုနှစ်တွင် အစ်ကိုဖြစ်သူ စိန်လှမောင်က မန္တလေးသို့ ခေါ်ယူ၍ ဆိုင်းပညာ သင်ပေးခဲ့၊ ၁၉၅၃ ခုနှစ်တွင် ဆိုင်းဝိုင်းတော်တီးဖြစ်ခဲ့၊ ၁၉၅၄ ခုနှစ်တွင် ဆရာကြီးစိန်ဗေဒါ၏ ဆိုင်းကို ဆက်လက်ခေါင်းဆောင်တီးမှုတ်ခဲ့၊ ၁၉၆၁ ခုနှစ် ဇန်နဝါရီလတွင် ဒေါ်စိန်တင်နှင့် အိမ်ထောင်ကျခဲ့ပြီး ကိုယ်ပိုင်ဆိုင်းတည်ထောင်ခဲ့၊ လက်ဦးဆရာများမှာ ဦးစိန်ကျော်တင့်၊ ဦးစိန်ငှက်ရိုး၊ မြန်မာညွှန့် ဦးချစ်မောင်၊ ဦးဘကလေး၊ ဦးဟန်ပတို့ဖြစ်သည်။ အေဝမ်းဆရာညှာ၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ နန်းတော်တောင် ဆရာခင်၊ ဦးဘလှိုင်တို့ထံ၌လည်း သီချင်းရေးစပ်နည်းပညာများ သင်ယူခဲ့။ ၁၉၈၃ ခုနှစ်မှစတင်ကာ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဆောင်းပါးများကို မဂ္ဂဇင်းများတွင် ရေးသားလာခဲ့။ မြန်မာစာကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ပညာရေးကောင်စီဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ကဇာတ်ဌာနခွဲ(မန္တလေး)၊ ဂီတအကြံပေးပုဂ္ဂိုလ်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဗဟိုကော်မတီဝင် စသည့် တာဝန်များထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

## ကြော်ငြာစာ

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ဒေါနဘွားရပ်ကွက်၊အကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၃၄)၊၁၈လမ်းနှင့် ၁၉လမ်းကြား၊လမ်း ၆၀နှင့် ၆၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်မျိုးအောင်(၉/မနမ(နိုင်)၀၉၈၅၇၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ဦးပိုင်အမှတ်(၄၇-က)၊ ၇၈လမ်းနှင့် ၃၅လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဉာဏ်မင်း(၁၂/ကတတ(နိုင်)၀၁၀၆၅၄)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၁)၊ ဦးပိုင်အမှတ်(၁၁-ဃ)(ခဲစင်း)၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ ၂၂လမ်းနှင့်၂၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သန်းတင် (၉/မနတ(နိုင်)၀၁၆၃၃၆)က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(မ-၂)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၆၃လမ်း၊ သိပ္ပံလမ်းနှင့် ၄၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝမ်ယုံရှမ်(၁၃/လရန(နိုင်)၀၆၃၀၉၁)၊ဒေါ်လင်းလင်းခိုင်(ခ)နန်းလင်းလင်းခိုင်(၉/မရမ(နိုင်)၀၀၅၇၂၆)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်(၁၅၀-ခ)၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလီမင်(ခ)ဦးလှဦး(၁၃/ကခန(နိုင်)၀၂၀၂၈၈၊KKI-၁၂၁၂၄၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၈၁/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးယုမောင်(၉/မရမ(နိုင်)၀၉၂၄၉၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၃၄)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ လမ်း၁၁၀နှင့် ၁၁၁ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၈၁၁/၉၂-၉၃)အရ ဦးကျော်အေး မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၇၂၈၇၉၊PTI-၀၁၇၁၆၆) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ရန်ဇူရင်(ခ)ဒေါ်ရန်ရှုရင် မှတ်ပုံတင်အမှတ်(၁၃/တယန(နိုင်) ၀၁၄၈၂၃)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

အမရပူရမြို့၊ ဈေးချိုရပ်ကွက်၊ ပုလွေတန်းရပ်နေ ဦးသိန်းဟန်+ဒေါ်မျိုးတို့၏ သားများဖြစ်သူ မောင်သိန်းလွင်ဝင်း(ဘ)ဦးသိန်းဟန်(၉/အမရ(နိုင်)၁၅၈၄၃၇)နှင့် မောင်ကျော်စိုးဝင်း(ဘ)ဦးသိန်းဟန်(၉/အမရ(နိုင်)၁၉၀၂၄၆)ကိုင်ဆောင်သူတို့သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင်နှင့် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် ၎င်းတို့နှစ်ဦး နေအိမ်မှ ထွက်ခွာသွားသည့်ရက်မှစ၍ နှစ်ဦးစလုံးအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သောမည်သည့်အကြောင်းကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးသိန်းဟန်**
**(၉/အမရ(နိုင်)၁၄၀၄၄၂)**
**ဒေါ်မျိုး**
**(၉/အမရ(နိုင်)၀၉၄၈၈၄)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၇၁/ ၂၇–၉–၂၀၀၄)**
**ဒေါ်နုနုလွင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၂၆၇/ ၈–၃–၂၀၂၄)**
**၆၃လမ်းနှင့်၆၄လမ်းကြား၊၃၁လမ်း၊အခန်းအမှတ်(B-5)**
**ရတနာတိုင်းပြည်အိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၂၅၇၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၅)၊ ဦးပိုင်အမှတ် (၅၆)၊ ဧရိယာ (၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ (၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်မွန်မွန်အောင်(ဘ)ဦးအောင်ကို(၉/တသန(နိုင်)၁၄၀၂၁၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မျိုးခင်ကျော် (LL.B)　　ဒေါ်ပွံ့ပွံ့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**
**၁၃၁လမ်းနှင့် ၁၃၂လမ်းကြား၊ ၅၄စီလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၃၁၇၂၆၉၇ ၊ ၀၉–၄၀၂၅၇၂၃၀၁၊ ၀၉–၉၇၄၇၇၇၇၈၃**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊အကွက်အမှတ်(၆၀၄)၊ဦးပိုင်အမှတ်(၃၇)၊ မြေကွက်ငယ်နံပါတ်(၃)၊ ဧရိယာ (၂၄ပေ× ၄၆ပေ)ခန့်အကျယ်အဝန်းရှိသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနံ့ကပ်(၂)ထပ် အဆောက်အအုံ၊ရေမီတာ၊လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ခင်ရီ(ဘ)ဦးအီစာ(ခ)ဦးထွန်းစိန်(၉/မရမ(နိုင်)၀၆၃၄၁၇)၊ (၂)ဒေါ်ခင်မြသန်း(ခ)ဖြူဖြူထွန်း(ဘ)ဦးအီစာ(ခ)ဦးထွန်းစိန်(၉/မရမ(နိုင်)၀၆၄၂၀၄)၊(၃)ဦးဇေယျာကျော်(ဘ)ဦးမောင်ကျော်(၉/မကန(နိုင်)၀၉၇၈၇၀)၊(၄) ဦးဝင်းမြင့်(ဘ)ဦးကျော်စိန်(၉/မရမ(နိုင်)၀၆၇၅၀၉)၊(၅)ဒေါ်ရီရီငယ်(ဘ)ဦးထွန်းအောင်(၁၃/တကန(နိုင်)၀၆၆၃၃၁)၊ (၆)ဒေါ်ကြည်ကြည်ဌေး(ဘ) ဦးကလူ(ခ)ဦးတေလူး(၉/မတရ(နိုင်)၀၉၈၅၂၃)၊(၇)မောင်သူရိန်ထွန်း(ဘ)ဦးခင်မောင်၊ (၈)ဒေါ်ခင်သီ(ဘ)ဦးရိယာစပ်(ခ)ဦးရိရာဆပ်(၉/မရမ(နိုင်)၀၆၃၄၇၂)၊(၉)ဦးခင်မောင်ထွေး(ဘ)ဦးအီစာ(ခ)ဦးထွန်းစိန်(၉/မရမ(နိုင်)၀၆၄၁၅၉)၊(၁၀)ဒေါ်အာစီယာ(ခ)ဒေါ်အစီယာ(ဘ)ဦးအီစာ(ခ)ဦးထွန်းစိန်(၉/မရမ(နိုင်)၀၆၄၂၀၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၆)၊ ဦးပိုင်အမှတ်(၃၅-ခ+၅၉+ ၆၀+၅၀-င)၊ ဧရိယာ(၀ ဒသမ ၀၃၆၉+ ၀ ဒသမ ၀၁၅၆+ ၀ ဒသမ ၀၂၀၃+ ၀ ဒသမ ၀၁၀၀)ဧက အကျယ်အဝန်းရှိသော ဒေါ်အေးအေးခိုင်(ပါ-၂)အမည်ပေါက်ဘိုးဘပိုင်မြေကွက်များ၏ အနောက်တောင်ဘက်ခြမ်းဧရိယာ (ပေ ၃၀×၅၀ပေ)ကေ အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်း(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်အေးအေးခိုင်(ဘ)ဦးလှအောင်(၉/မရမ(နိုင်)၀၀၀၀၉၀)၊(၂)ဦးရဲဝင်း(ဘ)ဦးလှအောင်(၉/မရမ(နိုင်)၀၀၀၀၈၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၁၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ငွေငွေဝင်း(၉/မရမ(နိုင်)၀၃၆၃၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး(ဥပဒေဘွဲ့)　　ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၇၀၀၀၇ ၊ ၀၉–၇၉၂၀၇၀၀၀၇ ၊ ၀၉–၄၃၂၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက် (၃၁၁)၊ ဦးပိုင်အမှတ် (၁၄-က+၁၄-ဃ)၊ မြေဧရိယာ (၀ ဒသမ ၀၈၂၇ + ၀ ဒသမ ၀၃၇၁)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်များသည် ဒေါ်လွင်လွင်အေး အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဘိုးဘွားပိုင်မြေကွက်များအတွင်းမှ တောင်ဘက်ခြမ်း တောင်မြောက် (၁၇)ပေ၊ အရှေ့အနောက်(၇၀)ပေခန့် အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ Steel Structure (၂)ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (၁)ဦးအောင်ကျော်မင်း(၁၂/မဂဒ(နိုင်)၀၇၆၆၁၂)၊ (၂)ဒေါ်ခင်မာဌေး(၉/မနတ(နိုင်)၀၈၂၉၃၉)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဘိုးဘွားပိုင်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ဖြူဖြူဝင်း**
**(၅/မမတ(နိုင်)၀၀၂၄၉၇)**

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**
**ဦးကိုလေး** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၃၆)၊ စိန်ပန်းရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၀၀၄၅၆၅၊ ၀၉-၄၀၂၀၀၄၅၆၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၂)၊ ယခင်ဦးပိုင်အမှတ်(ခ/၅)၊ ယခုဦးပိုင်အမှတ်(၄၅)၊ ဧရိယာ (၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းအောင်(ဘ)ဦးသိန်းတန်(၁၃/ကမန(နိုင်)၀၀၉၁၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ အချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း** (LL.B)
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ် (၃၆၆)အတွင်းမှ အရှေ့ဘက်ခြမ်းအလျား(၂၁)ပေ၊ အနံ(၅၇)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်ထွေးထွေးထိုက်(ဘ)ဦးတုတ်(၅/ရဘန(နိုင်)၀၀၂၀၈၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးမျိုးမင်းသန့်**
**(၅/ကနန(နိုင်)၀၆၀၇၂၃)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန်းဌေး**(LL.B,D.B.L,PCT(Treaty),IP(Law))
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး**(LL.B)၊ **ဒေါ်စင်မာစိုး**(LL.B)
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃၁-က)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ (၀ ဒသမ ၀၄၈)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းအလျား(၂၄)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဦးရာဇာဦး(ဘ)ဦးထွန်းထွန်းဦး(၉/စကန(နိုင်)၀၉၄၅၄၈)၊ ဦးငြိမ်းချမ်းအောင်(ဘ)ဦးထွန်းထွန်းဦး (၉/စကန(နိုင်)၀၉၄၅၄၇)၊ ဦးချမ်းငြိမ်းအောင်(ဘ)ဦးထွန်းထွန်းဦး(၉/စကန(နိုင်)၁၃၉၀၄၉)၊ ဒေါ်ကြူကြူလှိုင်ထွန်း(ဘ)ဦးထွန်းထွန်းဦး(မှတ်ပုံတင်ပြုလုပ်ဆဲ)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးဝင်းကို**
**(၉/မနမ(နိုင်)၀၂၂၂၂၅)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန်းဌေး**(LL.B,D.B.L,PCT(Treaty),IP(Law))
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး**(LL.B)၊ **ဒေါ်စင်မာစိုး**(LL.B)
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၈၇၄၄၁၀၃**

## "ကုန်အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ် ၊ ၄၅ လမ်း ၊ ၈၅ × ၈၆ လမ်းကြားနေသူများဖြစ်သည့် ဦးမင်းခန့်ကျော် (ဘ) ဦးကျော်နိုင်ဌေး [၅/မရန (နိုင်) ၃၃၃၃၈၅]၊ ဦးလှိုင်မျိုးသန့် (ဘ) ဦးရဲထွဋ် [၅/ရဘန (နိုင်) ၂၅၈၂၉၁] ၊ ဦးပိုင်မင်းခန့် (ဘ) ဦးခင်မောင်ကြည် [၉/ပဉလ (နိုင်) ၀၈၃၇၈၂] ၊ ဦးသန့်ဇော်အောင် (ဘ) ဦးဇော်ဝင်းမြတ် [၉/မဟမ (နိုင်) ၀၃၁၂၀၉] ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**Mogul.**

**မှတ်ပုံတင် စာချုပ်အမှတ် (၁၆၀၉/၂၀၂၄)**

အထက်တွင်ဖော်ပြထားသော " **Mogul.** " အမည်ရှိ ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေများမှ မန္တလေးမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်း စာချုပ် မှတ်ပုံတင်အမှတ် (၁၆၀၉/၂၀၂၄) အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်ကို အသုံးပြုပြီး "အထည်ချုပ်နှင့် တံဆိပ်ရိုက်လုပ်ငန်း" တို့ကို လုပ်ကိုင်လျက်ရှိရာ လူအများယုံကြည်စိတ်ချနစ်သက်စွာဖြင့် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေများမှ တရားဝင်မှတ်ပုံတင်သွင်း အသုံးပြုလျက်ရှိသော "**Mogul.**" အထည်ချုပ်နှင့် တံဆိပ်ရိုက်လုပ်ငန်း" ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲ နေသည်များကို တွေ့မြင်သိရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မူပိုင်ခွင့် ဌာနသို့လည်း မူပိုင်ခွင့်ရရှိနိုင်ရန်တင်သွင်းလျှောက်ထားဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အဆိုပါ ကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်မိတ်ဆွေတို့၏ မိတ်ဆွေများ ပိုင်ဆိုင်ဆိုင်သော ကုန်အမှတ်တံဆိပ်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

<u>လွှဲအပ်ချက်အရ</u>

| **ဒေါ်နှင်းသင်ဇင်ဝင်း**(LL.B) | **ဒေါ်သန္တာလင်း**(LL.B) | **ဒေါ်ဝတ်ရည်လွင်**(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၉) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၄၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၅၉) |

**INFINITY AID Law Firm**

၆၃(A) လမ်း × မြဝတီမင်းကြီးလမ်းထောင့် ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ မန္တလေးမြို့။ (ဖုန်း ၀၉-၄၀၂၅၈၆၀၉၆)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ် (၅၁)အတွင်းမှ တောင်ဘက်ခြမ်း မျက်နှာဖွင့်အလျား(၁၇)ပေ၊ နောက်ပိတ်အလျား(၁၅)ပေ၊ အနံ(၄၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဒေါ်အိအိမွန်(ဘ)ဦးမြသိန်း(၉/သပက(နိုင်)၀၅၀၂၆၅)နှင့် ဦးစောပိုင်(ဘ)ဦးမြသိန်း(၉/သပက(နိုင်)၀၅၅၄၇၄) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေတို့က အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–**
**(၁) ဦးကျော်မင်းထိုက်**
**၉/မစန(နိုင်)၂၆၁၅၄၂**
**(၂) ဒေါ်မေမြတ်နိုး**
**၉/မကန(နိုင်)၁၅၁၄၇၂**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန်းဌေး**(LL.B,D.B.L,PCT(Treaty),IP(Law))
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး**(LL.B)၊ **ဒေါ်စင်မာစိုး**(LL.B)
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၈၇၄၄၁၀၃**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဦးသန်းဝင်း(၉/မနမ(နိုင်)၀၅၉၂၆၉)၊ ဒေါ်အေးညိမ်း(၉/မနမ(နိုင်)၀၅၈၈၈၀)တို့၏ သမီးဖြစ်သူ မစိုးစိုး(ခ)မစိုးသန္တာ(၉/ခမစ(နိုင်)၀၃၄၁၀၅)သည် မိဘနှစ်ပါးအား အမျိုးမျိုးဒုက္ခပေးပြီး မိဘများ၏ ဆိုဆုံးမမှုအား မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်မှမိမိသဘောဆန္ဒအရ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်၍ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးသန်းဝင်း+ဒေါ်အေးညိမ်း**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၃လမ်း၊ ၂၈လမ်းထောင့်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်တွင် နေထိုင်သူ နန်းရှန်ဟွမ်(ခ)နန်းရှန်ခမ်း(၁၃/ကတန(နိုင်)၀၀၀၉၄၄)၏ ဖခင်အမည်မှာ ဦးအိုက်ပောင်နှင့် ဦးစိုင်းပောင် အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိုက်ပောင်(ခ)ဦးစိုင်းပောင်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

❂ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များက ယိမ်းအကများ၊ တေးသီချင်းများ၊ ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်၊ အကအလှများ၊ တေးသရုပ်ဖော်အကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကပြဖျော်ဖြေခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်ကြစဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျေးဇူးတင်စကားပြောကြားစဉ်။

## ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ပွဲစဉ်များထွက်ပေါ်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ၁၆သင်းအဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်တွင်

| | | |
|---|---|---|
| ဂျာမနီ | - | ဒိန်းမတ် |
| စပိန် | - | ဂျော်ဂျီယာ |
| ပြင်သစ် | - | ဘယ်လ်ဂျီယံ |
| ပေါ်တူဂီ | - | ဆလိုဗေးနီးယား |

| | | |
|---|---|---|
| ဆွစ်ဇာလန် | - | အီတလီ |
| အင်္ဂလန် | - | ဆလိုဗက်ကီးယား |
| ရိုမေးနီးယား | - | နယ်သာလန် |
| ဩစတြီးယား | - | တူရကီ |




ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ပွဲစဉ်ကို လာမည့် ဇွန် ၂၉၊ ၃၀ ရက်နှင့် ဇူလိုင် ၁၊ ၂၊ ၃ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **နိုင်ကမ္ဘာ**